# ပုသိမ်မြို့နယ်

# ရေမနေပင်ကိုင်းကျေးရွာအုပ်စု

# ဆယ်ပင်လေးကျေးရွာ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

(၂၀၁၉-၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆယ်ပင်လေးကျေးရွာ၊ ပုသိမ်မြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်။

## မာတိကာ


စကားချီး

ကျေးရွာသယံဇာတပြမြေပုံ၊ ပုသိမ်မြို့နယ်

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝရင်းမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်

(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား–မရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမှီမှု–လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချိန်ကာလ

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ အစီအစဉ်

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဆက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ

ဇယား၁ – လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား၂– လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား၃ – လုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား၄ – ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား၅ – ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား၆ – ဥစ္စာဓနအဆင့်အခြေအနေ

ဇယား၇ – ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား၈ – ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား၉ – ကျေးရွာ၏ ထိခိုက်သက်ရောက်မှုလွယ်သော အခြေအနေ

ဇယား၁၀ – ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား၁၁ – ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား၁၂ – ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား၁၃ – ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား၁၄ – ကျေးရွာ၏ရေရင်းမြစ်နှင့် ရေသွင်းရေိယာ

ဇယား၁၅ – အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား၁၆ – ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

ဇယား၁၇ – သီးနှံထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား၁၈ – သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ – မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ဇယား ၂၀ – မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ – မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၂ – စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်များ

ဇယား ၂၃ – စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ – ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ – ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း

ဇယား ၂၆ – ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ – ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက် လက်လှမ်းမီသူ အခြေအနေ

ဇယား ၂၈ – ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ – သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ – မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် အဆင့်စာတက်မြောက်မှုနှုန်း

ဇယား ၃၁ – ကျောင်းတက်နှုန်း

ဇယား ၃၂ – စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ – ပညာရေး အခက်အခဲများနှင့် ပြဿနာများ

ဇယား ၃၄ – အဖြစ်များသော ရောဂါများ
ဇယား ၃၅ – လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ – ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ – သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ – အိမ်သာ အမျိုးအစား
ဇယား ၃၉ – ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ – ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား ၄၁ – ကျေးရွာ၏ တံတား တည်ရှိမှု အခြေအနေ
ဇယား ၄၂ – ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ – သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ – လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ – ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၆ – ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ – ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ – မူခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်
( ပြဿနာဆန်းစစ်ခြင်းနှင့် ဖြေရှင်းနည်းအထိ )

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဆယ်ပင်လေး ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည် အရေးကြီးသော အချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင် ကာလများက စီစဉ်ချမတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထု ကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင် ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်

ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာ များနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက အလက်များကိုသာ အားပြုထားသော်လည်း နောက်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ် များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို အခြေအနေကာလပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ကိုင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ပုသိမ်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း (၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့် တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ)သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်း အရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရေမနေပင်ကိုင်းကျေးရွာအုပ်စု
ပုသိမ်မြို့နယ်

**အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်**

၁။ **နိဒါန်း**

**(က) ရည်ရွယ်ချက်**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့ အစည်းများ၏ နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို

လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော် အကူ အညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုး ရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်တွင် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိ လာကြ ပါသည်။ ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ် သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့် ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများ ကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့ ၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာ နိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)၊ နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက် ရမည့် လုပ်ငန်းများကို ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမို သိရှိလာနိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင်း ကျွန်တော်တို့ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့ အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊) နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက် မှုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းပြုလုပ်လာနိုင်ပါသည်။

**(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခုဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျေးရွာလူထု ဦးဆောင်ပါဝင်သော လုပ်ကိုင်နည်းဖြင့် စုပေါင်းရေးဆွဲကြသောကြောင့် အမြင်ရှင်းလင်းမှုဖြစ်စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွက် လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ကြပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုပါဝင်စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောက်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့်အစီအစဉ်မျိုး ဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား**

ဆယ်ပင်လေးကျေးရွာသည် ပုသိမ်မြို့နှင့် (၄)မိုင်ခန့် ကွာဝေးပြီး ဝေန်မြစ်တစ်ဖက်ကမ်းတွင် တည်ရှိပါသည်။ သွားလာရလွယ်ကူပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်ပြီး အဓိက အသက်မွေးဝမ်း ကျောင်းမှာ လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကို လုပ်ကိုင်ကြသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရေးနှင့် စီးပွားဖြစ် မွေးမြူရေးကိုလည်း လုပ်ကိုင်

ကြသည်။ ဆယ်ပင်လေးကျေးရွာသည် နွေရာသီတွင် ဆားငန်ရေဝင်ရောက်မှု ရှိသောကြောင့် မိုးစပါးကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ဆယ်ပင်လေးကျေးရွာရှိ လယ်မြေများမှာ အသင့်အတင့်ရှိပြီး မြေဆီလွှာကောင်းမွန်ပြီး ကျေးရွာ၏ စိုက်ပျိုးရေးလွယ်ကူသည်။ မြစ်ချောင်းပေါများသောကြောင့် သွားလာရ လွယ်ကူပြီး ရေလုံလောက်စွာ ရရှိပါသည်။ နွေရာသီတွင် ဆားငန်ရေဝင်ရောက်မှုရှိခြင်း၊ မိုးရေလှောင် ကန်များကိုသာ အဓိကထား အသုံးပြုနေရခြင်းကြောင့် သောက်သုံးရေလုံလောက်မှု မရှိပါ။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

**(က) လူဦးရေးဆိုင်ရာ အချက်အလက်များ**

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၆၇)စု နှင့် ကျား (၃၀၆)၊ မ (၃၆၉) ဦးဖြင့် လူဦးရေပေါင်း (၆၇၅) ရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှ လူဦးရေ (၄.၀၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှ လူဦးရေ (၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် နေထိုင်သူအများစုမှာ ဆင်းရဲသား လက်လုပ်လက်စား များသာဖြစ်ပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ အများဆုံးနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာလူဦးရေပေါင်း၏ (၆၈.၂၉%) ခန့် ရှိပါသည်သဖြင့် လူသားအရင်းအမြစ်ကောင်း ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုး သားဦးရေထက် ပိုများသည်။

**(ခ) စီးပွားရေးအခြေအနေ– ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာ၏အဓိက လုပ်ငန်းသည် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဖြစ်သည်။ တစ်ရွာလုံး၏ ဝင်ငွေမှာ သာမန်မျှသာရှိသည်။ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းအပြင် ကျပန်းအလုပ်များဖြစ်သော လက်သမား၊ ပန်းရံ၊ ကျောက်သဲအလုပ်များ၊ ရာသီပေါ်ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြသည်။ အထည်ချုပ်စက်ရုံများတွင် လည်း မိန်းကလေးများ သွားရောက်အလုပ်လုပ်ကိုင်ကြသည်။ စားဝတ် နေရေးအတွက် ပုံမှန်ဝင်ငွေ လိုအပ်သော ကြောင့် ဆင်းရဲသားလူတန်းစားများ ပင်ပန်း ဆင်းရဲစွာ အလုပ်လုပ်ကိုင်ကြသည်။ ငွေကြေး ချမ်းသာသော အိမ်ထောင်စုများမှာ ငွေကြေး အရင်းအနှီး စိုက်ထုတ်ရင်းနိုင်သောကြောင့် စီးပွားရေး အဆင်ပြေပြီး ချမ်းသာ လာကြသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် ဆောက်လုပ်ရေး လုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများကို အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာ တွင် အိမ်ထောင်စုအများစုမှာ NGO အဖွဲ့အစည်းများမှ ငွေစုငွေကြေးအကူအညီများ ရယူကြရ သည်။ အကြွေးတင်ရှိမှုသည် ကျပ်တစ်သိန်းမှ ကျပ် ၁၀သိန်း ထိ ရှိသည်။ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများ၊ သက်ကြီးရွယ်အိုမသန်စွမ်းသောသူများသည် ထိခိုက်လွယ် သော သူများဖြစ်သည်။

ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံး စက်ကိရိယာ များပိုင်ဆိုင်မှုနှင့် ရေကြီးမှုတို့ကြောင့် ကျေးရွာ၏ စီးပွားရေးအနေအထထားမှာ အသင့်အတင့်သာ ရှိပါသည်။ ရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ် သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်တို့ရှိတက်ကြသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝကြပါသည်။ ကလေးငယ်အများစုမှာလည်း ကျန်းမာရေးကောင်းအောင် အာဟာရများ တိုက်ကျွေးခြင်း၊ ကာကွယ်ဆေးများ လစဉ် လိုက်လံထိုးပေးခြင်းများကို ကျေးလက် သားဖွားဆရာမနှင့် NGO အဖွဲ့ အစည်းများမှ ကူညီဆောင်ရွက်မှုများ ပြုလုပ်ကြ သည်။ ကျေးရွာတွင် နှစ်စဉ် ဆေးဖျန်းခြင်း၊ ဆေးခပ်ခြင်းများ ပြုလုပ်ကြသည်။ ရေကောင်းရေသန့်ရရှိသောကြောင့် ဝမ်းနှင့် ပတ်သက်သော ရောဂါများ ဖြစ်ပွားမှု နည်းပါးသည်။ ကျေးရွာတွင် ကျေးလက်ကျမ်းမာရေးဌာနဆွဲ ရှိသောကြောင့် ကျန်းမာရေးကိစ္စ အရေးပေါ် ဖြစ်ပေါ်လာလျှင် အလွယ်တကူ သွားရောက် ကုသမှု ခံယူရန် လွယ်ကူပါသည်။ အမျိုးသမီး၊ လူငယ်၊ လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကျန်းမာရေး အသိပညာများ ရှိကြပါသည်။ ကျေးရွာသူ/သားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင် ရရှိနိုင်ကြပြီး အရေးကြီးကိစ္စများအတွက် ပုသိမ်မြို့ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှု ခံယူကြပါသည်။ ကုန်းလမ်းသွားလာရ မလွယ်ကူ သောကြောင့် ရေလမ်းခရီးကိုသာ အသုံးပြုရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာရှိ ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိကြောင်းတွေ့ရပါသည်။ ရွာသား အများစုသည် အခြေခံ အရေးအဖတ်အတွက်တို့ကို တက်မြောက်ကြသော်လည်း ဘွဲ့ရ ကျား (၄)ဦး၊ မ(၁၀)ဦး သာရှိသေးကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အခြေခံမူလတန်းကျောင်းရှိပြီး (၉၀'x၃၀'x၃၀') အုတ်စီသွပ်မိုးသံမတလင်းအခင်း ကျောင်းဖြစ်ပါသည်။ ကျောင်းတွင် ယင်လုံအိမ်သာ (၄)ခန့်တွဲ (၂)လုံး ရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာရေးကို ကြက်ပေါင် (အထက)သို့ သွားရောက် သင်ကြား ရပါသည်။ သို့သော် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်ပါသည်။

**(စ) ကျား-မ ရေးရာဆိုင်ရာ**

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာတွင် ကျား-မ အကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြား နယ်ပယ်များ တွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျ ပြောနိုင်ပါသည်။ ပညာရေး နှင့်ဆိုင်သော ကိန်းဂဏန်းများ တွင် မူလတန်းအဆင့်၌ ယောကျ်ားလေးအရေအတွက် သည် မိန်းကလေး အရေအတွက်ထက် နည်းနေသော်

လည်း အလယ်တန်း နှင့် အထက်တန်းများတွင် ကျားမအရေ အတွက်မှာ မ အရေအတွက်ထက် အနည်းငယ် မျှသာများနေ၍ အမျိုး သမီးများအတွက် ပညာသင်ယူ ရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာ အားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မှု အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျှက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင် ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်စေနိုင်ပါသည်။

**၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၅)ဖွဲ့၊ ဘာသာရေးအဖွဲ့ (၁)ဖွဲ့၊ စီးပွားရေး ဆိုင်ရာအဖွဲ့ (၂)ဖွဲ့ ရှိသည်။ **ကျေးရွာရန်ပုံငွေအဖွဲ့မှာ ရန်ပုံငွေကို တာဝန်ယူပြီး ကျေးရွာရှိ အိမ်ထောင်စု များကို အတိုးနှုန်း သက်သာစွာ ပြန်လည်ချေးပေးပီး အချိန်ပြည့်လျှင် ပြန်စုပြန်ချေးသော အဖွဲ့ဖြစ်ပါသည်။ လူငယ်အဖွဲ့မှာ အမျိုးသား/အမျိုးသမီးများဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာ လုပ်ငန်း များတွင် ပါဝင် ကူညီ ဆောင်ရွက်ပါသည်။ သမအဖွဲ့ကိုတော သမဝါယမဦးစီးဌာနမှ ဦးဆောင်ပြီး ရွာခွဲ တာဝန်ခံ (၅)ဦးဖြင့် ပူးတွဲဆောင်ရွက်ပါသည်။ ရပ်မိရပ်ဖအဖွဲ့မှာ ရပ်ရွာကိစ္စ အဝဝကို တာဝန်ယူ ဆောင်ရွက်ရပါသည်။** အဖွဲ့အစည်းများမှာ အားကောင်း လှသော အဖွဲ့အစည်းများ မဟုတ် သော်လည်း သူ့နေရာနှင့်သူ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက် ကြသည်။

**(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါးကိုသာ အဓိက စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ပျိုး၍ ရေးကြီးကွင်း များသောကြောင့် နွေစပါး ကိုစိုက်ပျိုးကြသည်။ မြစ်ချောင်းများမှ ရေသွင်းစိုက်ပျိုးကြသည်။ နိုင်ငံတော် စက်မှုလယ်ယာမှ စက်ပစ္စည်းများ၊ စိုက်ဘဏ်၊ သမအသင်း၊ NGOအဖွဲ့မှ လယ်သမား အား အတိုးနှုန်းသက်သာသော ငွေကြေး၊ ဓါတ်မြေသြဇာများ ဝန်ဆောင်မှုများပေးသည်။ လယ်သမားများသည် အလုပ်သမား အခက်အခဲ ရင်ဆိုင်ရသည်။ အလုပ်သမား ရှားပါးသောကြောင့် စက်ပစ္စည်းများကိုသာ ပိုမို အသုံးပြုလာကြသည်။ လယ်သမားများသည် တစ်ခါတစ်ရံ ဖျက်ပိုးများ ကျရောက်တက်သည်။ ပိုးသတ်ဆေးမျိုးစုံနှင့် နှိမ်နှင်း ကြရသည်။ မိုးစပါးစိုက်ဧက (၈၀၀) ခန့် ရှိပြီး နွေစပါးစိုက်ဧကမှာ (၆၀၀)ခန့်ရှိသည်။ မိုးစပါးအထွက်နှုန်းမှာ **တင်း (၄၀) မှ အများဆုံး တင်း (၈၀) ခန့် ရှိပြီး နွေစပါးအထွက်နှုန်းမှာ တင်း (၇၀) မှ အများဆုံး တင်း (၁၀၀) ခန့်ရှိပြီး ချောင်းရေမြစ်ရေ ကိုတင်ပြီး စိုက်ပျိုးကြသည်။ သို့သော် နွေရာသီ ဆားငန်ရေဝင်ရောက်ချိန်တွင် အထွက်နှုန်း သိသိ သာသာလျော့နည်းသွားသည်ကို တွေ့ရှိရပါသည်။**

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ အနေဖြင့် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား အလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရ ဝန်ထမ်း လုပ်ငန်း တို့ဖြစ်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေ ကိုက်မှု အနည်း အပါးမှ အသင့်အတင့် အနေအထားတွင် ရှိသည်။ လက်လုပ်လက်စား လုပ်ငန်းများ မှာ စိုက်ပျိုး ရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ် အကိုင်နှင့် ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ် နိုင်သောဦးရေ များပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းတစ်ချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်ငန်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့ စသည်တို့သည့် အသက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်ကြသော်လည်း ရွာသား အများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့ နည်းပါးကြသည်။

**(ဃ)သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာရှိ လယ်ယာမြေတွင် ဖျက်ပိုးများ ကျရောက်မှုများသောကြောင့် ပိုးသတ်ဆေးများနှင့် ဓါတုမြေသြဇာများသုံးစွဲမှု များပြားလာသောကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင် သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး စနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွန်၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက် ပေးသင့်သည်။

ပုသိမ်မြို့အနောက်ဘက်ခြမ်းတွင် ၂၀၁၅ ခုနှစ်က ရေကြီး၊ ရေလွှမ်းမှုဖြစ်ပွားခဲ့သော်လည်း ဤကျေးရွာမှာ မြေမြင့်သောအပိုင်းတွင် တည်ရှိ ရေကြီးရေလွှမ်းမိုးမှုမှ ကင်းလွတ်ခဲ့သည်။ ကုန်းတွင်း ဒေသ ဖြစ်ခြင်းကြောင့် မုန်တိုင်းအန္တရာယ်တို့ နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံ ကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာကျရောက်တက်သော မိုးခေါင်ခြင်းက သဘာဝဘေး အန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ဆယ်ပင်လေးကျေးရွာတွင် တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေကို တစ်နှစ် အတိုးနှုန်း ၅ ကျပ်တိုး၊ တစ်ဧက တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး ၁၀ ဧက အတွက် ချေးယူနိုင်ပါသည်။ ကျေးရွာတွင် အပြည်ပြည်ဆိုင်ရာကုမ္ပဏီအဖွဲ့အစည်းများ လာရောက်ပြီး ငွေရေး ကြေးရေးအဖွဲ့များ ဖွဲ့စည်းထားပြီး အသင်းဝင် (၁၂၀)ခန့်ရှိသည်။ တစ်နှစ် ချေးသော အသင်းအဖွဲ့များ၊ ဖီလ

ချေးသော အသင်းအဖွဲ့ များရှိကာ အတိုးနှုန်း ၂ကျပ်ခွဲတိုးဖြင့် ချေးပေးသည်။ ကျေးရွာတွင်လည်း အတိုးချေးပေးသူများလည်း ရှိကြ သည်။ အတိုးနှုန်း ၂ဝကျပ်နှုန်း၊ ၁၅ကျပ်နှုန်း ခန့် ချေးကြသည်။ ကျေးရွာတွင် သမအသင်းကို ဖွဲ့စည်းထားသည်။ ကျေးရွာတွင် အိမ်ထောင်စု ၂ဝ ရာခိုင်နှုန်းသည် ၅ဝဝဝဝကျပ်မှ ၅သိန်းကျပ်ထိ ချေးယူ ရပြီး ၇ ရာခိုင်နှုန်းမှာ ၁သိန်းကျပ်မှ ၁ဝသိန်းကျပ်ထိ ချေးယူရသည်။

ကျေးရွာသူကျေးရွာသားများသည် ချေးငွေကို အကြောင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေ လိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းသန့်ရှင်းရေး**

ကျေးရွာတွင် ၉ဝ'x၃ဝ'x၃ဝ' အရွယ်ရှိ သွပ်မိုးအုတ်နံရံကာ အင်္ဂတေခင်း မူလတန်းကျောင်း ရှိပါသည်။ ကျေးရွာသူ/ကျေးရွာသားများ ရေးတက် ဖတ်တက်ကြသည်။ (၁ဝ)တန်း အောင်မြင် ထားသူများနှင့် တက္ကသိုလ်မှ ဘွဲ့ရရှိပြီး သူများလဲ ရှိပါသည်။ နိုင်ငံတော်မှ ကျောင်းသူ ကျောင်းသားအား ပညာရေး အထောက်အကူများလည်း ရရှိပါသည်။ ကျောင်းတွင် ကျောင်းဆရာမဦးရေ (၅)ဦးရှိပြီး လုံလောက်မှုရှိပါသည်။ ကျောင်းအာဟာရတိုက်ကျွေးမှု များလည်း ရှိပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းဌာနခွဲ တစ်ခုရှိပါသည်။ ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှု လက်လှမ်း မီပါသည်။ ကျေးရွာတွင် လျှပ်စစ်မီး မရှိသောကြောင့် အအေးခန်းဖြင့်သိုလှောင်ရန် လိုအပ်သော ဆေးဝါး များအတွက် ရေခဲသေတ္တာသုံးပြီး သိုလှောင် ထားနိုင်ခြင်းမရှိသေးပါ။ ကျေးလက်ကျန်းမာရေးဆရာမ (၁)ဦးနှင့် အကူဆရာမ (၁)ဦး ရှိပြီး ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ထိုးနှံခြင်းများကို ကျေးရွာခေါင်းဆောင်များနှင့် ညှိနှိုင်းဆောင်ရွက်ကြပါသည်။ ကျောင်းသား ကျောင်းသူ များအတွက် ဆောက်လုပ်ထား သော အိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး အသုံးပြုရန် လွယ်ကူပါသည်။ ကျေးရွာတွင် ရာသီကူးပြောင်းကာလ များ၌ ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ ပုသိမ်မြို့နှင့် (၄) မိုင်ခန့်သာ ကွာဝေးသောကြောင့် ဝန်ဆောင်မှုများအား လက်လှမ်းမှီမှု ရှိပါသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

လူငယ်များအတွက် အနားယူအပန်းဖြေမည့် အနေအထားမရှိနိုင်သေးပါ။ ကျေးရွာရှိ ဘာသာ ရေး၊ လူမှုရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့်လုပ်ငန်း သီးသန့် ဖော်ဆောင် ထားခြင်း မရှိသေးပါ။

**(ဇ) အခြေခံအဆောက်အဦ–လမ်းတံတား၊လျှပ်စစ်မီး၊ သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာရှိ ရွာတွင်းလမ်းကို ၂ဝ၁၁ ခုနှစ်ကတည်ဆောက်ခဲ့ပြီး (၈၁၁ဝ) ပေ ရှိပါသည်။ ကွန်ကရစ်လမ်းဖြစ်သောကြောင့် တစ်နှစ်ပတ်လုံးအသုံးပြုနိုင်ပါသည်။ ကျေးရွာချင်းဆက်လမ်းကို ၂ဝ၁၁ခုနှစ်တွင် ဖောက်လုပ်ခဲ့ပြီး အရှည် (၁၂၉ဝဝ)ခန့် မှ အရှည် (၅၉ဝဝ) ပေကို ကွန်ကရစ်ခင်းထားပြီး ကျန်ရှိသော (၇ဝဝဝ) ပေခန့်မှာ ကျောက်ချောလမ်းဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရခက်ခဲပါသည်။

လမ်းပန်းဆက်သွယ်ရေးအတွက် ရေလမ်းကိုသာ အဓိကထား သုံးစွဲနေရပါသည်။ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ သုံးဘီး၊ စက်ဘီး၊ စက်လှေ၊ လှေများဖြင့် အသုံးပြု သွားလာရသည်။ ကျေးရွာတွင် လျှပ်စစ်မီး မရရှိသေးပါ။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် အသုံးပြုကြပါသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက် များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ သတင်းစာ၊ ဂျာနယ်တို့ကို ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန် ကြောင်း တွေ့ရှိရပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းပါသည်။ ကုန်စည် ကူးသန်းရောင်းဝယ်မှု အဆင်ပြေပါသည်။ ကျေးရွာရှိ အကြောင်းကိစ္စအဝဝကို ပြေလည်အောင် ဖြေရှင်းပေးနိုင်ကြသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများနှင့် ဆယ်အိမ်မှူး၊ ယာအိမ်မှူး များက ကြီးတဲ့အမှုသေး အောင်၊ သေးတဲ့အမှုပပျောက်အောင် စီစဉ်ဆောင်ရွက်ကြသည်။ ကျေးရွာ သည် ရဲစခန်းသို့ အလွယ်တကူ ချတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုနည်းပါသည်။

**၅။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် ခြေအနေများ**

ကျေးရွာတွင် လျှပ်စစ်မီးလိုချင်သော်လည်း ဆင်းရဲသော အိမ်ထောင်စုများသဖြင့် ငွေကုန်ကျစရိတ်များသောကြောင့် မတက်နိုင်ပါ။ လျှပ်စစ်မီးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လျှင် ကောင်းမွန်ကြောင်း တွေ့ရပါသည်။ လူငယ်ပညာတက်နည်းပါးပြီး လူဦးရေအားလုံး၏ (၆၈.၂၉) ရာခိုင်နှုန်းကျော်မှာ အလုပ်လုပ် နိုင်သော အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက်အသင့်အတင့်ရှိပြီး ကျန်းမာရေး အခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးမှုပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသူ/ကျေးရွာသားများအနေဖြင့် စိုးရိမ် ရသော ဆေးဝါးကုသလိုမှုအတွက် လည်း ဧရာဝတီ တိုင်းဒေသကြီး၊ ပုသိမ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှု ခံယူကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေး အနေအထားအတွက် အသင့်အတင့် ရှိနေကြသည်။

သဘာဝရင်းမြစ်များတွင် လယ်မြေများသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်ပြီး မြေဆီသြဇာ အသင့်အတင့် ကောင်းမွန်သည်။ တောင်သူများသည်လည်း လယ်ယာထွက်ကုန်များကို ရေလမ်းခရီးကို အသုံးပြုပြီး အလွယ်တကူပို့ဆောင်နိုင်ပါသည်။ မိုးရွာသွန်းမှုမှာ နွေစပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးရန် အထောက်အကူဖြစ်သည်။ ကျေးရွာသည် ပုသိမ်မြို့နှင့် (၄)မိုင်ခန့် ကွာဝေးသောကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာ ထွက်ကုန်များ ကို အချိန်မှီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် ရာဇဝတ်မှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာမိုဘိုင်းဖုန်း ဆက်သွယ်ရေးကို အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှု အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြား သတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြု နိုင်ကြသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ**

ကျေးရွာရှိလယ်မြေများမှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန် မဖြစ်နိုင်သဖြင့် လယ်သမားအတွက် အထွက်နှုန်း တိုးမြှင့်အောင် အားစိုက်ရပေမည်။ ချောင်းရေမှ ရေတင်စိုက်ပျိုးနိုင်သော်လည်း နောက်ပိုင်းတွင် တူးမြောင်းရေ၊ ရေသွယ်မြောင်းများ တိုးချဲ့ဆောက်လုပ်ပြီး ရေသွင်းစိုက်ပျိုးနိုင်သည်။ ကေတိုးတက် လာစေရန် ဆောင်ရွက်သင့်ပါသည်။ ထို့အပြင် ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျက်ပိုးများလည်း စပါးနှင့် အခြားသီးနှံများတွင် ကျရောက်တက်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ ဆိုင်ရာဝန်ဆောင်မှုကိုရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်များ မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံ ပိုးမွှား နှိမ်နင်းရေးကျင့်သုံးနိုင်ရေး အထောက်အပံ့များ ရရှိရန်လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးစား သူများ ရှိသော်လည်း အတိုးနှုန်းမှာမြင့်မားသည်။ ဘဏ်မှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်မရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များဖြည့်စွက်ရာတွင် အခက်အခဲများ ကြုံတွေ့ရတက်သည်။

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်း မရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေ ပုံမှန်ရရှိရေး အတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းအတွက် ကုန်ကြမ်း ရရှိအောင် တတ်သိပညာ၊ အထိအတွေ့ အားနည်းပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ**

**(က)ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းလာမည့် ငါးနှစ်တာကာလအတွင်း ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။ ကုန်ထုတ် လုပ်မှု ကောင်းခြင်း၊ ပညာရေး ကောင်းမွန်ခြင်း၊ ကျန်းမာရေးကောင်းခြင်း၊ ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထား တိုးတက်ခြင်း၊ လမ်းပြုပြင်ခြင်း၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများ အဆင်ပြေ မှုများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအတိုင်း အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားပါမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီး၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိ ဘဏ်များ၊ ရင်းနှီးငွေ ရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများ ရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများက တစ်ဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေသည်။

(ခ-၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်ဆိုင်နှင့် မိုဘိုင်းဖုန်းပြင်စေသော သင်တန်းများတက်ရောက်ရန် သင်တန်းသား များကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်း အနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(ခ-၃) ကျေးရွာတွင် စာသင်ကျောင်းဖွင့်လှစ်ခွင့်ရရှိရန် အစိုးရထံသို့ တောင်းခံတင်ပြပြီး ကျောင်းဆောင်ဖွင့်လှစ်ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်း တိုးမြှင့် လာရန်အတွက် ဆောင်ရွက်မည်။

(ခ-၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာစာကြည့်တိုက်ကျေးရွာ၏ အခြေခံ အဆောက်အဦးများ တိုးတက်ကောင်းမွန်သော အဆောင်များ ဖွင့်လှစ်ခွင့်ရရှိအောင် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြု စီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက် သွားကြသည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင် ဆောင်ရွက် ရန် တိုက်တွန်းအားပေးဆောင်ရွက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပြုချက်အရ ဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှ တစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးပေးနိုင်မည့် အစိုးရဌာနများနှင့်အဖွဲ့အစည်းများကို ရှာဖွေဖော် ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရ ထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများ ကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလ အတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန် ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာဦးအသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးအပြင် အခြားသီးနှံများ စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုး ကျရောက်ခြင်းသည် အဓိက ပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နှင်း ရေးအတွက် နည်းစနစ် ရရှိရေးလိုအပ်ပါသည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာန များမှ ဝန်ဆောင်မှုများကိုရသော် လည်း စိုက်ပျိုးရေးတွက် ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများသည်။ သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှား နှိမ်နှင်းရေး နည်းပညာအသစ် ရရှိရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများ အတွက် လိုအပ်သော ချေးငွေ ရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမား များနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစား စီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။

**(ဃ)ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာ ရှိပြီး အလုပ် အကိုင်နှင့် အမြတ်အစွန်းများ ရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းများ ရှိပါသည်။ သို့သော်ငင်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှု နည်းပညာ၊ ဈေးကွက်၊ သတင်းအချက် အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်း များ၊ ကုန်ထုတ်ခြင်း၊ စက်မှုလက်မှုလုပ်ငန်းအတွက် လုပ်ငန်း စီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းအတွက် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှု ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင် ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရန် ဝန်ထမ်း အချို့ပါဝင် မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအဆင့်ထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက် အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း ရှိရပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များ ရရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များ ဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်ဦးစား ပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှု မရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထား နိုင်ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သောသဘာဝ ဘေးအန္တရာယ် ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ် တိုးလာမည့် လုပ်ငန်း စီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ထို့ကြောင့် ငါးနှစ်တာ ကာလကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက် သွားကြပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်းစီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖျာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ် ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများ ကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုး အစားကို အခြေခံ၍ အုပ်စုသတ်မတ်ခြင်းသည် စီမံချက် များကို အကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ် စွမ်းဆောင် ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်း သတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်.

**ဦးစားပေးစီမံချက်များ**

| စဉ် | စီမံချက် | ဦးစားပေးဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာလမ်းတိုးချဲ့ဖော်ဆောင်ခြင်း | ၁ | A | A | A | A | A |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာ ပစ္စည်းများ ရရှိအောင် ဆောင်ရွက်ခြင်း | ၂ | A | A | | | |
| ၃ | အတိုးနှုန်းသက်သာသောချေးငွေ ရရှိအောင် ဆောင်ရွက်ခြင်း | ၃ | A | A | A | A | A |
| ၄ | ကျေးလက်ကျန်းမာရေးအထောက် အကူ ပြုပစ္စည်းများ ရရှိရန် ဆောင်ရွက်ခြင်း | ၄ | A | A | | | |
| ၅ | ရေလုပ်ငန်းအခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ခြင်း | ၅ | A | A | A | A | |
| ၆ | မွေးမြူရေးလုပ်ငန်းဆိုင်ရာတိုးတက်စေရန် ဆောင်ရွက်ခြင်း | ၆ | A | A | A | | |
| ၇ | စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာအခွင့် အလမ်း ရရှိစေရန် ဆောင်ရွက်ခြင်း | ၇ | A | A | A | A | A |
| ၈ | ကုန်းလမ်းပို့ဆောင်ရေးအထောက်အကူ ပြု ယာဉ်ရရှိရန် ဆောင်ရွက်ခြင်း | ၈ | A | A | | | |
| ၉ | ကျောင်းအုတ်တံတိုင်းကာရန်မှု ဆောင်ရွက်ခြင်း | ၉ | A | | | | |
| ၁၀ | မူကြိုကျောင်းအဆောက်အဦးရရှိရန် ဆောင်ရွက်ခြင်း | ၁၀ | A | A | A | | |
| ၁၁ | ကျေးရွာချောင်းတံတားရရှိအောင် ဆောင်ရွက်ခြင်း | ၁၁ | A | A | A | A | A |

**၉။ ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျတ်ပမာဏများသည် ရည်ညွှန်းနမူနာအဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန် တကယ်လိုအပ်သော ဘတ်ဂျတ် ပမာဏများအတွက် တွက်နိုင်ရန် အသေးစိတ် ဆက်လက်၍ ဆောင်ရွက်ရ မည်ဖြစ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ် အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်း များနှင့်

ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရာတွင် အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည် ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်းမှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိ ရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိက ယူပါ သည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ– မိဘဆရာအသင်းသည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေး အရည်အသွေးတိုးတက်စေရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးအဖွဲ့သည် ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတက်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်သည်။ ဥပမာ– လယ်သမားအဖွဲ့အစည်းသည် လယ်ယာထုတ်ကုန်လုပ်ငန်း အထောက်အကူပြု လမ်းအဆင့် မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက် ရမည့် ကိစ္စများကိုလည်း တွေ့ရပါသည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါသည်။

- ❖ ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ
- ❖ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းများတွင် ဖော်ပြထားသော ကိစ္စများကိုသာ ကြီးကြပ်မှု ပေးမှာဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်၍ တာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနတာဝန်ယူ ပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ကို ဦးဆောင်၍ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်စေပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် ဌာနဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာ-တံတားဆောက်လုပ်ခြင်းတွင် စေတနာအလျှောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ကူးသန်းရောင်းဝယ်မည့် ပစ္စည်းပမာဏကို ကန့်သတ်သောစည်းကမ်းများသတ်မှတ်မည်။

**၁၁။ စီမံကိန်းအာ စဉ်ဆက်မပြတ် လေ့လာရေးနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးခြင်းကို ရိုးရှင်းသော ပုံစံဖြင့်သာ ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်ချက်အတိုင်း အကဲဖြတ်စစ်ဆေးခြင်းကို ပြီးမြောက်နိုင်ပါလိမ့်မည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း**

အထူးသဖြင့် ကျွန်ုပ်တို့သည် ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းိကု (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့၏စီစဉ်မှုဖြင့် သက်ဆိုင်ရာလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့ အသီးသီးတို့က တာဝန်ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီးသည် မိမိတို့၏ ကနဦး သတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက် ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် ညွှန်းကိန်းများဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏

စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံ တင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။

(၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်-

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှု အတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ၊ စုစည်းပြီးစီးမှု (မူလ လျာထားချက်များနှင့် ညှိနှိုင်း၍)
- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရ သော အခက်အခဲများ၊ ပြဿနာများ
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ

ကျေးရွာတွင် ဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲမည့် အစီစဉ်များ လိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ ပါဝင်ပါသည်။

**(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကဲဖြတ်ပွဲ**

စီမံကိန်းကာလတစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘတ်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါသည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံမှု၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေ အနေများကို အောက်ပါအဖွဲ့အစည်းပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။

ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းပိုင်ရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးများ စသည်တို့ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်မည့် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီ များကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်ပါသည်။

ရေမနေပင်ကိုင်းကျေးရွာအုပ်စု၊ ဆယ်ပင်လေးကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

| စဉ် | အမည် | အဘအမည် | တာဝန် | နေရပ် |
|---|---|---|---|---|
| ၁ | ဦးမြင့်ကြည် | ဦးချစ်ထွန်း | ဥက္ကဌ | ဆယ်ပင်လေးကျေးရွာ |
| ၂ | ဦးအောင်ကျောင်ကျော် | ဦးချစ်ထွန်း | အတွင်းရေးမှူး | ဆယ်ပင်လေးကျေးရွာ |
| ၃ | ဦးကျော်စိုးဦး | ဦးခင်ဝင်း | ဘဏ္ဍာရေးမှူး | ဆယ်ပင်လေးကျေးရွာ |
| ၄ | ဦးဟိန်းသီဟချို | ဦးတင်ထွန်း | စာရင်းစစ် | ဆယ်ပင်လေးကျေးရွာ |
| ၅ | ဦးတင်မောင်ထွေး | ဦးသောင်းညွန့် | အဖွဲ့ဝင် | ဆယ်ပင်လေးကျေးရွာ |
| ၆ | ဦးဆန်းဦး | ဦးထွန်းဦး | အဖွဲ့ဝင် | ဆယ်ပင်လေးကျေးရွာ |
| ၇ | ဦးနေလင်း | ဦးစောမောင် | အဖွဲ့ဝင် | ဆယ်ပင်လေးကျေးရွာ |

ကော်မတီဝင်စာရင်း

ပြည်နယ်/တိုင်း – ဧရာဝတီတိုင်းဒေသကြီး ရက်စွဲ –

မြို့နယ် – ပုသိမ်မြို့
ကျေးရွာအုပ်စု – ရေမနေပင်ကိုင်းကျေးရွာအုပ်စု
ကျေးရွာ – ဆယ်ပင်လေးကျေးရွာ

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၃ | ၆ | ၉ | ၁.၃၃% |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၁၇ | ၁၉ | ၃၆ | ၅.၃၃% |
| ၅ နှစ်မှ ၉နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၅ | ၃၇ | ၅၂ | ၇.၇၀% |
| ၁၀ နှစ်မှ ၁၄နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၈ | ၃၁ | ၅၉ | ၈.၇၄% |
| ၁၅ နှစ်မှ ၆၀နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၁၉ | ၂၄၂ | ၄၆၁ | ၆၈.၂၉% |
| ၆၀နှစ်နှင့်အထက် | သက်ကြီးရွယ်ကြီး | ၂၄ | ၃၄ | ၅၈ | ၈.၅၉% |
| **စုစုပေါင်း** | | **၃၀၆** | **၃၆၉** | **၆၇၅** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု – ၁၆၇** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၄.၀၄** | | | |

**ရင်းမြစ်…(၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် ကျား/မ ပေါင်း ၉ယောက် ၅နှစ်အောက် ကလေး ကျား/မပေါင်း ၃၆ ယောက် မူလတန်းကျောင်းသားအရွယ် ကျား/ မ ပေါင်း ၅၂ ယောက် အလယ်တန်းကျောင်းသားအရွယ် ကျား/မပေါင်း ၅၉ ယောက် အလုပ် လုပ်နိုင်သော အရွယ် ကျား/မ ပေါင်း ၄၆၁ ယောက် သက်ကြီးအရွယ် ကျား/မ ပေါင်း ၅၈ ယောက် ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိ လူဦးရေ အများအပြား ရှိနေပါသည်။ တစ်အိမ်ထောင်တွင် ပျမ်းမျှ လူဦးရေ (၄.၀၄) ယောက် ရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှ လူဦးရေ ၅ ယောက်နှုန်းထက် လျော့နည်းလျှက် ရှိပါသည်။**

**(၁.၂) အလုပ်လုပ်နိုင်သူ အင်အား**

**(၁.၂.၁)လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

| စ | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | တွဲဖက် | မှတ်ချက် |
|---|---|---|---|---|

| စဉ် | | အိမ်ထောင်စု | % | မိသားစုဝင်ဦးရေ | အလုပ်အကိုင် | |
|---|---|---|---|---|---|---|
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉၅ | ၅၆.၈၈ | ၂ | ၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄၉ | ၂၉.၃၃ | ၃ | ၁ | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂၉ | ၇၇.၂၄ | ၂ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၁.၇၉ | ၂ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၄ | **သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | ၈.၉၈ | ၁ | ၃ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၀ | ၅.၉၈ | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |

| စဉ် | လုပ်ငန်းများ | အမိက အလုပ်အကိုင် | | | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမထောင်စု | % | မိသားစုဝင်ဦးရေ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၂.၉၉ | ၁ | ၁ | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၅၉ | ၂ | ၃ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၀.၅၉ | - | ၃ | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၅၉ | ၂ | ၃ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၁ | ၁၅.၅၇ | ၂ | ၂ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစု ဝင်ဦးရေ | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၅ | ၂၀.၉၅ | ၁ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၅.၉၈ | ၂ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | ၂.၃၉ | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ | ၆ | ၃.၅၉ | | ၅ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ ထောင်စု | % | မိသားစု ဝင်ဦးရေ | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| **၁၇** | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ဝ.၅၉ | ၂ | ၂ | |
| | မိသားစုဝင် လုပ်အား | | | | | |
| **၁၈** | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| **၁၉** | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| **၂၀** | **ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies. etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၅ | ၈.၉၈ | ၂ | ၁ | |
| | မိသားစုဝင် လုပ်အား | | | | | |
| | **စုစုပေါင်း** | **၁၅၃** | **၁၀၀** | | **၄၄** | |

**ရင်းမြစ်…** (၁) **အိမ်ထောင်စု စာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် လယ်ယာလုပ်ငန်း အဓိက လုပ်ကိုင်သူ**

**အိမ်ထောင်စု ၉၅ စု ရှိပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ (၅၆.၈၈) ရာခိုင်နှုန်း ရှိပါသည်။ ကျပန်းနှင့် ရာသီလိုက် အလုပ်လုပ်ကိုင်သူ အိမ်ထောင်စု (၄၉) စုရှိပြီး ဆန်စက် ဝပ်ရှော့ စသည့်ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ အနည်းငယ် ရှိပါသည်။ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူ အနည်းငယ် ရှိပါသည်။ ကုမ္ပဏီများတွင် လုပ်ကိုင်သူ (၁၅) ဦးခန့် ရှိပါသည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး (၁) ဦး နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်သား စစ်သမီး (၃)ဦး ရှိပါသည်။**

**(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခ နှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခ နှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း – ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၁၀၀၀၀ | | ၅၀၀၀ | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၅၀၀ | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | | ၇၀၀၀ | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၅၀၀၀ | | ၃၅၀၀ | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | | |

| # | အလုပ်အကိုင် | ရေ တွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု၊ လယ်သမားအုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် လယ်ယာလုပ်ငန်းများနှင့် ဝပ်ရှော့ ဆန်စက် စသည် ထုတ်ကုန်လုပ်ငန်းများအတွက် လုပ်အားခ နှုန်းထားမှာ အနည်းဆုံး ကျား/မ ၃၅၀၀ ကျပ်မှ အများဆုံး ၅၀၀၀ ကျပ် ရှိပြီး ကျောက်ထုတ်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်သူများမှာ အနည်းဆုံး ၅၀၀၀ ကျပ်မှ အများဆုံး ၁၀၀၀၀ ကျပ် ရရှိပြီး လက်သမားနှင့် ပန်းရံလုပ်သားများမှာ အနည်းဆုံး ၇၀၀၀ ကျပ်မှ ၁၀၀၀၀ ကျပ် နှုန်းရရှိကြပါသည်။

### (၁.၃) သဘာဝ ရင်းမြစ်များ

#### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၇၇၀.၈၃ | သင့် | – | မြစ်/ချောင်း |
| ယာမြေ /တောင်ယာ | | | | |
| ဥယျာဉ်ခြံမြေ | ၁၅.၅၀ | ကောင်း | | မြစ်/ချောင်း/ကန် |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက) |
|---|---|---|---|---|
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | ၁၀.၀ | သင့် | | |
| ရွှေ့ပြောင်းတောင်ယာမြေ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | ၂၉.၆၀ | | | |
| စုစုပေါင်း | ၈၂၅.၉၃ | | | |

ရင်းမြစ်...(၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့်နေရာအမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် စိုက်ပျိုးနိုင်သည့် လယ်မြေဧက (၇၇၀.၈၃) ရှိပါသည်။ ဥယျာဉ်ခြံမြေ (၁၅.၅၀) ခန့်နှင့် နှစ်ရှည်သီးနှံစိုက်ခင်း (၁၀.၀၀)ဧက ခန့် နှင့် ဓနိစသည့် နှစ် ရှည်ပင်များ စိုက်ပျိုးမြေ ဧရိယာ (၂၉.၆၀) ဧက ရှိပါသည်။ မြေဆီလွှာ သင့်တင့်ကောင်းမွန်ပြီး မြစ်ချောင်းနှင့် ကန်ရေကို သုံးစွဲ စိုက်ပျိုးကြပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| အခြားရင်းမြစ်များ | မရှိ | လက်လှမ်းမမီ |
| အခြား | | |
| အခြားသဘာဝရင်းမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | များ | လွယ် |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် သဘာဝရင်းမြစ်များအနေဖြင့် သဘာဝ တိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်သာရှိပါသည်။ အလွယ်တကူမရရှိနိုင်ပါ။ သဘာဝမျိုးစိတ် အပင်များ အနေဖင့် ဆေးဘက်ဝင်အပင်များ နေရာအနှံ့ ပေါက်ရောက်သည်။ ဆေးဖက်ဝင်အပင်များ ကို နေရာအနှံ့ရှိသောကြောင့် လွယ်ကူစွာ ရှာဖွေရယူနိုင်သည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧကအထက် | ၅ ဧကအထက် | ၁ ဧကအထက် | – |
| အိမ်အခြေအနေ | ပျဉ်ထောင် သွပ်မိုး | ပျဉ်ထောင်/ သွပ်မိုး | ထရံကာ/ ဓနိမိုး | ဓနိမိုး/ဓနိကာ |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်း၊ ခြွေလှေ့၊ ထော်လာဂျီ | တမန်းလှေ၊ ခြွေလှေ့ | ရေတင်စက် | – |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | စပါးသိုလှောင် ငွေချေးခြင်း | စက်လှေ | – | – |
| အဓိကစီးပွားရေး | လယ်၊ ဆန်စက် | လယ်၊ ကုန်သည် | နေ့စားပုတ်ပြတ် | နေ့စား |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| လုပ်ငန်း | | | | |
| အခြားပိုင်ဆိုင်မှု | | | | |
| အိမ်ထောင်စု – | ၁၉( ၁၁%) | ၆၁ (၃၆%) | ၇၄ (၄၄%) | ၁၃ (၈%) |

ရင်းမြစ်… (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ လက်လုပ်လက်စားနှင့် စိုက်မွေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု အဆင့် (၉) အိမ် ရှိပြီး ကျေးရွာရှိ အိမ်ထောင်စု၏ ၁၁% ခန့် ရှိပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စု အဆင့် (၆၁) အိမ် ရှိပြီး ကျေးရွာရှိ အိမ်ထောင်စု၏ ၃၆ % ခန့် ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စု ၇၄ အိမ်ထောင်စု ရှိပြီး ၄၄% နှင့် အလွန်ဆင်းရဲသော အိမ်ထောင်စု ၁၃ အိမ်ထောင်စုရှိပြီး ၈% ရှိပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေအဆင့် “၃” နှင့် “၄” အိမ်ခြေပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင် စု% | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၄ | ၄.၅၉ | လုပ်အားကြိုရောင်းခြင်း |
| ၃ လနှင့် ၅ လ အထိ | ၁၀ | ၁၃.၄၉ | ချေးငှားခြင်း |
| ၆လ မှ ၁၂ လ အထိ | ၁၁ | ၁၂.၆၄ | ချေးငှားခြင်း/ လုပ်အားကြိုရောင်းခြင်း |

ရင်းမြစ် .. ဥစ္စာခန အဆင့် “၃” နှင့် “၄” အိမ်ခြေပေါင်း၏ ၃၀ ရာခိုင်နှုန်းအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် ဝမ်းစာဖူလုံမှု စစ်တမ်းအရ အချိန်ကာလ

၃လ အောက် တစ်နေ့လျှင် အနည်းဆုံး နှစ်နှပ်စားနိုင်သည့် အိမ်ထောင်စုအနေဖြင့် (၄)အိမ် (၂.၃၉%) မှာ လုပ်အားကြိုတင်ရောင်းချခြင်းဖြင့် အခက်အခဲများကို ဖြေရှင်းလျှက်ရှိသည်။ ၃လနှင့် ၆လ အောက် မှာ (၂၅) အိမ် (၁၄.၉၇) မှာမူ ချေးငှားခြင်းဖြင့် အခက်အခဲများကို ဖြေရှင်းလျက်ရှိပြီး ၆လမှ ၁၂လ အထိ မှာ (၂၇) အိမ်ခန့် ရာခိုင်နှုန်းအနေဖြင့် (၁၆.၅၂%) ချေးငှားခြင်း၊ လုပ်အားကြိုရောင်းခြင်းဖြင့် ဖြေရှင်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။

(၁.၅.၂) ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့် အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှု မရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေ အတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၉ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို / တစ်ခုလပ်အိမ်ထောင်စု | ၅ | | |
| အခြားဒေသသို့ကြာမြင့်စွာသွား ရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၂ | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၉) အိမ် ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို၊ မုဆိုးမ၊ တစ်ခုလပ် ဦးဆောင်သည့် အိမ်ထောင်စု (၅)အိမ် ရှိပြီး အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်လုပ်ကိုင်နေထိုင်သည့် အိမ်ထောင်စု (၂)စု ရှိသည်ကို တွေ့ရပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | ကူညီဖေးမမှုရှိခြင်း |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ...) | နိမ့် | မြစ်ချောင်းပေါများခြင်း |
| ၃ | ရေကြီးခြင်း | လတ် | မိုးရာသီတစ်ခါတစ်ရံ ရေကြီးခြင်း |
| ၄ | မိုးခေါင်ခြင်း | နိမ့် | |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | |
| ၆ | မုန်တိုင်း | လတ် | မြစ်ဝကျွန်းပေါ်ဒေသဖြစ်ခြင်း |
| ၇ | လျှော့် | နိမ့် | |
| ၈ | မီးဘေး | နိမ့် | |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် | နွေရာသီဆားငန်ရေဝင်ရောက်ခြင်း |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် | ပိုးသတ်ဆေး၊ ဓါတုဗေဒ၊ ဓါတ်မြေသြဇာများ အလွန်အကျွံသုံးစွဲခြင်း |
| ၁၁ | သစ်တောပြုန်းတီးခြင်း | နိမ့် | သစ်တောများမရှိ |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | တောတောင်သစ်တောများနှင့် ဝေးကွာခြင်း |
| ၁၃ | တီဘီရောဂါ | နိမ့် | ကျေးရွာတွင် ဆေးပေးခန်းရှိခြင်း |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု | လတ် | ကျွဲ၊ နွားများတွင် အဖြစ်နည်း ကြက်၊ ဝက်၊ ဘဲများ ရာသီပြောင်းတွင် ဖြစ်တတ် |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည် | မြင့် | မြစ်ချောင်းပေါများခြင်း၊ မြေသားလမ်းဖြစ်ခြင်း |
| ၁၉ | အခြား | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာရှိ မြေဆီလွှာများသည် ယခင်က မြေဆီမြေနှစ်

ကောင်းမွန်သော်လည်း တစ်နှစ် နှစ်သီးစိုက်ပျိုးမှုများသောကြောင့် ပိုးသတ်ဆေး၊ ဓါတုဗေဒ ဓါတ်မြေသြဇာများ အရည်အသွေးမမှန်မှုကြောင့် အတိုင်းအတာမရှိ သုံးစွဲခြင်း၊ ကျွဲနွားများ ရှားပါးလာခြင်းကြောင့် ဇီဝမြေသြဇာ နည်းပါးခြင်းတို့ကြောင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာရသည်။ တိရစ္ဆာန် ကူးစက်ရောဂါမှာ ကျွဲနွားများတွင် အဖြစ်နည်းသော်လည်း ကြက်၊ ဝက်၊ ဘဲ စသည်တို့တွင် ရာသီဥတုအပြောင်းအလဲတွင် ကူးစက်ရောဂါဖြစ်လွယ် ပါသည်။ လမ်းပန်းဆက်သွယ်ရေးအတွက်မှာ မြစ်ချောင်းများပေါများခြင်း မြေသားလမ်းများဖြစ်ခြင်းကြောင့် မိုးရာသီတွင် ခက်ခဲကြမ်းတမ်းစွာ သွားလာနေရပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | ခေတ်ရေစီးကြောင်းလိုက်၍ ပျက်စီးလွယ်ခြင်း |
| ၂ | အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု | မြင့် | အကာအကွယ်မဲ့ခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | ကျပန်းလုပ်ကိုင်နိုင်ခြင်း |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက် နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | တစ်ခါတစ်ရံ ရာသီဥတုအလိုက် ဖြစ်ပေါ်ခြင်း |
| ၅ | မြစ်ကမ်းဘေးနေလူထု | လတ် | မြစ်ချောင်းကိုမှီ၍ ရှာတည်ခြင်း |
| ၆ | မတော်မဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to | နိမ့် | |

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | accident)တွင် နေထိုင်သူများ | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP) | နိမ့် | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် | |
| ၉ | ငါးကန်ပိုင်ရှင် | - | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | |
| ၁၁ | လူနည်းစုလူမျိုးများ | - | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ | - | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | - | |
| ၁၄ | ရွှေတွင်းလုပ်သား | - | |
| ၁၅ | ဆေးစွဲသူများ | နိမ့် | အရက်စွဲသူ အနည်းငယ်ရှိ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | နိမ့် | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | ထိုင်းနိုင်ငံမှ ပြန်ရောက်အခြေချသူရှိ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | နေရာအနှံ့သွားရောက်လုပ်ကိုင်သူရှိ |
| ၂၀ | ကားသမား | နိမ့် | အနည်းငယ်ရှိ |
| ၂၁ | အခြား | နိမ့် | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ လူငယ်များ ခေတ်ရေစီးကြောင်းလိုက်၍ ပျက်စီးလွယ်မှု အလယ်အလတ်အဆင့်နှင့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများမှာ ထိခိုက်မှု မြင့်မားကြောင်း တွေ့ရသည်။ သဘာဝဘေးအန္တရာယ်မှာ တစ်ခါတစ်ရံ ရာသီဥတုကြောင့် ဖြစ်ပေါ်ခြင်းလောက်သာရှိပြီး ကျေးရွာများမှာ မြစ်ချောင်းများကို

အမှီပြုနေထိုင်သောကြောင့် မြစ်ကမ်းဘေးနေထိုင်သူများပြားသည်။ လယ်ယာကိုသူ မှီခိုနေထိုင်သူများဖြစ်သဖြင့် လက်လုပ်လက်စား ကျပန်းလုပ်သူများပါသည်။ အရက်စွဲသူအနည်းငယ်ရှိပြီး ၁% ခန့်သာရှိသည်။ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူနှင့် နေရာအနှံ့ သွားရောက်လုပ်ကိုင်သူအနည်းငယ်သာရှိပြီး ကိုယ်ရပ်ရွာတွင် ပြန်လည်အခြေချ လုပ်ကိုင်သူများလည်း ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ကျေးရွာရန်ပုံငွေ | ၁ | ၁၃ | - | ၁၃ | တာဝန်ခံ | ၄ | ၆ |
| ၂ | လူငယ်အဖွဲ့ | ၂ | ၅၀ | ၅၀ | ၁၀၀ | ရပ်ရေးရွာရေး | ၄ | ၇ |
| ၃ | ပြည်သူ့စစ် | ၂ | ၆ | - | ၆ | - | ၅ | ၈ |
| ၄ | အရန်မီးသတ် | ၂ | ၆ | - | ၆ | - | ၅ | ၈ |
| ၅ | အမျိုးသမီးရေးရာ | ၂ | - | ၅ | ၅ | - | ၅ | ၈ |
| ၆ | မိခင်နဲ့ကလေး | ၂ | - | ၅ | ၅ | - | ၅ | ၈ |
| ၇ | ရပ်မိရပ်ဖအဖွဲ့ | ၃ | ၁၀ | - | ၁၀ | ရပ်ရွာကိစ္စ | ၄ | ၆ |
| ၈ | သမ/မေတ္တာမိုး | ၁ | ၆၀ | ၄၀ | ၁၀၀ | ငွေစုငွေချေး | ၅ | ၆ |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်းများ (၈) ဖွဲ့ ရှိပါသည်။ ကျေးရွာရန်ပုံငွေအဖွဲ့မှာ ရန်ပုံငွေကို တာဝန်ယူပြီး ကျေးရွာရှိ အိမ်ထောင်စုများကို အတိုးနှုန်း သက်သာစွာ ပြန်လည်ချေးပေးပီး အချိန်ပြည့်လျှင် ပြန်စုပြန်ချေးသော အဖွဲ့ဖြစ်ပါသည်။ လူငယ်အဖွဲ့မှာ အမျိုးသား/အမျိုးသမီးများဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာလုပ်ငန်းများတွင် ပါဝင် ကူညီ ဆောင်ရွက်ပါသည်။ သမအဖွဲ့ကိုတော သမဝါယမဦးစီးဌာနမှ ဦးဆောင်ပြီး ရွာခွဲတာဝန်ခံ (၅)ဦးဖြင့် ပူးတွဲဆောင်ရွက်ပါသည်။ ရပ်မိရပ်ဖအဖွဲ့မှာ ရပ်ရွာကိစ္စ အဝဝကို တာဝန်ယူ ဆောင်ရွက်ရပါသည်။

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | ဘတ်စုံလူငယ်အဖွဲ့ | ၆ | |
| ၂ | ပတ် | ၇ | |
| ၃ | မြစိမ်းရောင် | ၆ | |
| ၄ | ဂေါပကအဖွဲ့ | ၁ | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် အကူအညီအဖွဲ့အစည်းများ လာရောက်ကူညီမှု၊ ငွေစုငွေချေးများ၊ ကျေးရွာဖွံ့ဖြိုးရေးအကူအညီများ လာရောက်ကူညီ ကြသည်။ အခြားပုဂ္ဂလိက ငွေစုငွေချေး အဖွဲ့လေးများလည်းရှိသည်။

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁)စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၆၉ | ၄၁.၃၁ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် (၁ ဟက်တာထိ) | ၂၀ | ၁၁.၉၇ | ဆင်းရဲသား တောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ (၂ ဟက်တာထိ) | ၂၀ | ၁၁.၉၇ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား (၅ ဟက်တာထိ) | ၄၅ | ၂၆.၉၄ | အလယ်အလတ် စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် (၅ ဟက်တာနှင့် အထက်) | ၁၃ | ၇.၇၈ | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၁၆၇ | ၁၀၀ | |

ရင်းမြစ်… (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု အရေအတွက် (၆၉) အိမ် (၄၁.၃၁%) ခန့် ဆင်းရဲသား တောင်သူ (၂၀) အိမ် (၁၁.၉၇%)ခန့် တောင်သူငယ် (၂၀) အိမ် (၁၁.၉၇%) ခန့် အလယ်အလတ်တောင်သူ (၄၅) အိမ် (၂၆.၉၄%) ခန့် တောင်သူကြီး (၁၃) အိမ်

(၇.၇၈%) **ခန့် ရှိကြောင်း တွေ့ရပါသည်။**

**(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ**

**ဇယား (၁၄)** ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | ဆည်မြောင်း | | | | |
| ၅ | အဝီစိတွင်း | | | | |
| ၆ | လက်ငင် ရေတွင်း | | | | |
| ၇ | စိမ့်စမ်းရေ | | | | |
| ၈ | ချောင်းရေ | ပုဂ္ဂလိက | ၇၇၀.၈၃ | ရာသီအလိုက် | ရှိ |
| ၉ | အခြား | ပုဂ္ဂလိက | ၄၅.၁၀ | ရာသီအလိုက် | ရှိ |

**ရင်းမြစ်…**(၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာမှာ မြစ်ချောင်းများမှ ပုဂ္ဂလိက– သက်သာသော အဆင်ပြေသလို လုပ်ကိုင်ကြပြီး** (၇၇.၈၃) **ဧကကို နွေစပါးကိုသာ ရေတင်စိုက်ပျိုးရပါသည်။ မိုးရာသီတွင် မြစ်ဝကျွန်းပေါ်ဒေသ ဖြစ်သောကြောင့် ရေတင်ရန် မလိုအပ်ပါ။ အခြားဥယျာဉ်ခြံမြေနှင့် သီးပင်စားပင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမှုအတွက် ကိုတော့ မြစ်ချောင်းများမှ ရေအပြင်၊ ကန်ရေကိုလည်း သုံးစွဲစိုက်ပျိုးကြပါသည်။**

**(၂.၂.၁.၃) အမိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား** (၁၅) **အမိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက်(နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု(နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| မိုးစပါး | ၇၈၀ | တင်း | ၄၀ | ၈၀ | ၆၀ | ၁ | ၆ | လတ် | လတ် | |
| နွေစပါး | ၆၀၀ | တင်း | ၇၀ | ၁၀၀ | ၈၅ | ၁ | ၄ | မြင့် | မြင့် | |
| | | | | | | | | | | |
| | | | | | | | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် မိုးစပါး စိုက်ဧက (၈၀၀) ခန့် ရှိပြီး အနည်းဆုံး တင်း (၄၀) မှ အများဆုံး တင်း (၈၀) ခန့် ထွက်ရှိပြီး စိုက်ပျိုးသည်မှ ရိတ်သိမ်းသည်အထိ ကြာချိန် (၁) လမှ (၆)လခန့်ရှိပြီး သွင်းအားစု အသင့်အတင့်လိုအပ်သလို မြတ်စွန်းမှုမှာလည်း အလယ်အလတ် သာ ရှိပါသည်။ နွေစပါးစိုက်ဧကမှာ ဧက (၆၀၀) ခန့်ရှိပြီး ကျန်နေရာများမှာ ရေတင်ရန် အခက်အခဲ ကြောင့် လစ်လပ်ချန်ထားရပါသည်။ နွေစပါးအထွက်နှုန်းမှာ သွင်းအားစုအပေါ်မူတည်၍ တစ်ဧက တင်း (၇၀)မှ တင်း (၁၀၀) ကျော်အထိ ထွက်ရှိပါသည်။ သွင်းအားစုမှာ ပိုမိုများပြားစွာလိုအပ်သလို စပါးအထွက်နှုန်းမှာလဲ တူညီမှုမရှိပါ။ အမြတ်ရရှိနိုင်မှုမှာ ပိုမိုမြတ်စွန်းပါသည်။ သို့သော် နွေရာသီ ဆားငန်ရေဝင်ရောက်ချိန် စောလွန်းလျှင် အထွက်နှုန်းများ သိသိသာသာ လျော့နည်းသွားသည်ကို တွေ့ရှိရပါသည်။

(၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | စက်ကိရိယာ၄ | မှတ်ချက်/ |
|---|---|---|---|

| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | ားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | အခြေအနေ |
|---|---|---|---|---|---|---|---|
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | | | | | | | |
| လက်တွန်းထွန်စက် | ၁၂ | | | | | ၅၀ | |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | | | ၂၅ | နှမ်းစပါး |
| ရိတ်သိမ်းစက် | | | | | | ၃ | နှမ်းစပါး |
| ခြွေလှေ့စက် | ၁၈ | | | | | ၇၀ | နှမ်း/မိုး |
| ရေစုပ်စက် | ၁၁၆ | | | | | | |
| ခြေနင်းရေတင်စက် | | | | | | | |
| မြက်ရိတ်စက် | ၃ | | | | | ၂၀ | |
| အခြား | | | | | | | |

ရင်းမြစ်... (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် လက်တွန်းထွန်စက် ကိုယ်ပိုင်ဝယ်ယူလုပ်ကိုင် သူ (၁၂) ဦးခန့် သာရှိပြီး ကျန်သူများမှာ အလျင်းသင့်သလို ငှားရမ်းလုပ်ကိုင်ကြရပါသည်။ ခြွေလှေ့စက် ကိုယ်ပိုင်ဝယ်ယူလုပ်ကိုင်သူမှာ (၁၈)ဦးခန့် သာရှိပါသည်။ ကျန်သူများမှာ ငှားရမ်း လုပ်ကိုင်ရပါသည်။ နှမ်းစပါးစိုက်ပျိုးမှုအားကောင်းသောကြောင့် လယ်သမားတိုင်းတွင် ရေစုပ်စက် ကိုယ်တိုင်ဝယ်ယူလုပ်ကိုင်ကြပါသည်။ မြက်ရိတ်စက် ပိုင်သူ (၃) ဦးခန့်သာ ရှိသည်။ အခြား တမန်းလှေ တစ်ဘီးမောင်းစသည့် တမန်းလုပ်ရာတွင် အသုံးပြုသည့် စက်ကိရိယာ အသေးစားများကို ဝယ်ယူလုပ်ကိုင်နိုင်သူ (၅၈) ဦး ရှိပါသည်။ နှမ်းရာသီစပါးသိမ်းချိန်တွင်တော့ ကုမ္ပဏီပိုင် ရိတ်သိမ်းခြွေလှေ့စက်ကြီးများကို ငှားရမ်းလုပ်ကိုင်ကြရပါသည်။

**(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီသြဇာ)** | **မြေဆီမြေသြဇာကို စနစ်တကျ ထိန်းသိမ်းခြင်း** |
| **ရေရင်းမြစ်** | **မြစ်ရေ/ချောင်းရေကိုသာ အဓိက သုံးစွဲသဖြင့် ကုန်ကျမှု သက်သာခြင်း** |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | **တိရိစ္ဆာန်စွန့်ပစ်ပစ္စည်းများမှာ သဘာဝမြေသြဇာရရှိနိုင်ခြင်း၊ ရိုးပြတ်စပါးမှော် သစ်ရွက်ဆွေး အမှိုက်ဆွေးများ သုံးစွဲခြင်း** |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | **ဓာတုပိုးသတ်ဆေးများကို အရည်အသွေး ကောင်းမွန်သည့် အမျိုးအစားများကို စနစ်တကျသုံးစွဲခြင်း** |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | **စိုက်ပျိုးစရိတ်ချေးငွေ အချိန်မှီ လုံလောက်စွာ ရရှိအောင် ကြိုးစားခြင်း၊ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေ ရရှိအောင် ရှာဖွေခြင်း** |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | **စနစ်တကျ စိုက်ပျိုးရေးသင်တန်းများ လေ့လာသင်ယူခြင်း** |
| သွင်းအားစုဈေးကွက် | **အရည်အသွေးမြင့် သွင်းအားစုများ ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်ရန် ဆောင်ရွက်ခြင်း** |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | **ထုတ်ကုန်များကို အချိန်မှီ ဈေးကောင်းရရှိအောင် ချိတ်ဆက်ဆောင်ရွက် ခြင်း** |
| အခြား | |

**ရင်းမြစ်** ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။**

**လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးရွာသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မြေဆီသြဇာ ကြွယ်ဝသလို မြစ်ချောင်းများမှ ရေကိုသာ သုံးစွဲစိုက်ပျိုးကြပါသည်။ သဘာဝမြေဆီသြဇာကို တိရစ္ဆာန်များမှ စွန့်ပစ်ပစ္စည်းများနှင့် ရိုးပြတ်စပါးဖျင်း စပါးမှော် သစ်ရွက်ဆွေး အမှိုက်ဆွေး များကို သုံးစွဲနိုင်ပါသည်။ ဓါတုပိုးသတ်ဆေးနှင့် ဓါတ်မြေသြဇာများကို အရည်အသွေးကောင်းမွန် သည်များကို စနစ်တကျ သုံးစွဲသင့်ပါသည်။ စိုက်ပျိုးစရိတ်ချေးငွေများကို အချိန်မီ လုံလောက်စွာ ရရှိရန် ကြိုးစားခြင်း၊ အခြားနေရာမှ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရရှိအောင် ရှာဖွေခြင်းများ လုပ်ဆောင်နိုင်ပါသည်။ စိုက်ပျိုးရေးသင်တန်းများကို စနစ်တကျ လေ့လာသင်ယူ၍ အရည်အသွေး မြင့်သွင်းအားစုများနှင့် ထုတ်ကုန်များကို အချိန်မီ ဈေးကောင်း**

**ရရှိအောင် ချိတ်ဆက်ဆောင်ရွက် လျှင် တိုးတက်ကောင်းမွန်နိုင်ပါသည်။**

**(၂.၂.၁.၆)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ လက်လှမ်းမီမှု | **စိုက်ပျိုးမြေတိုးချဲ့ရန် နေရာလွတ်မရှိခြင်း** |
| မြေဆီ ထက်သန်မှု | **အရည်အသွေးညံ့ဓါတုဆေးဝါး၊ ဓါတ်မြေသြဇာများကြောင့် မြေဆီသြဇာခမ်းခြောက်ခြင်း** |
| ငွေကြေးအရင်းအနှီး လက်လှမ်းမီမှု | **စိုက်ပျိုးရေးစရိတ်ချေးငွေအချိန်မှီ လုံလောက်စွာမရရှိခြင်း** |
| စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီ ရရှိ အသုံးချနိုင်မှု | **သွင်းအားစုများ အရည်အသွေး ညံ့ခြင်း၊ နိုင်ငံတော်မှ ပံ့ပိုးမှု လိုအပ်ခြင်း** |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | **လုပ်အားခနည်းပါးခြင်း၊ ပင်ပန်းစွာလုပ်ကိုင်ရခြင်းများကြောင့် လုပ်သားများ အလုပ်ပသစ်ရှာဖွေလုပ်ကိုင်ခြင်း** |
| ရေရင်းမြစ်များ လက်လှမ်းမီမှု | **မြစ်ချောင်းများမှ ရေကို အားထားရသဖြင့် အချိန်နောက်ကျခြင်း** |
| မိုးရေမလုံလောက်မှု | **နွေရာသီတွင် ဆားငံရေ ဝင်ရောက်မှုကြောင့် မလုံလောက်ခြင်း** |
| ဖျက်ပိုးနှင့် ရောဂါ | **စရိတ်စကကြီးမားခြင်းကြောင့် လုံလောက်စွာ မသုံးစွဲနိုင်ခြင်း** |
| ဈေးကွက် လက်လှမ်းမီမှု | **ချိတ်ဆက်ဆောင်ရွက်ရန် အဖွဲ့အစည်းမရှိခြင်း** |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | **နည်းပညာသင်တန်းများမရှိခြင်း၊ စိတ်ဝင်စားမှု နည်းပါးခြင်း၊ နိုင်ငံတော် ပံ့ပိုးမှု လိုအပ်ခြင်း** |
| **အခြား** | |

**ရင်းမြစ်...(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် စိုက်ပျိုးမြေတိုးချဲ့နိုင်ရန်နေရာလွန်မရှိပါ။**

စံချိန်မမှီသည့် ဓါတုဆေးဝါးများ ၊ ဓါတ်မြေဩဇာများ မဆင်မခြင်သုံးစွဲမှုကြောင့် မြေဆီလွှာ ထိခိုက်မှု မြင့်မားလာနေပါသည်။ စိုက်ပျိုးစရိတ် ချေးငွေအချိန်မှီလုံလောက်စွာမရရှိခြင်း၊ နွေရာသီတွင် ဆားငံရေဝင်ရောက်ခြင်း၊ ဖျက်ပိုးများ ကာကွယ်ရန် စရိတ်ကြီးမားခြင်း၊ ဈေးကွက်အတွက် ချိတ်ဆက် ဆောင်ရွက်မှု အားနည်းခြင်း၊ နည်းပညာသင်တန်းများ စနစ်တကျ သင်ယူခွင့်မရရှိခြင်း၊ လယ်သမား များ၏ အခက်အခဲများကြောင့် လုပ်အားခမြင့်မားစွာ မပေးနိုင်သဖြင့် လုပ်သားရှားပါးခြင်း စသည် တို့ကို နိုင်ငံတော်မှ စနစ်တကျ ကိုင်တွယ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်လျှင် ယခုထက် ပိုမိုတိုးတက် ကောင်းမွန်သည့် အခြေအနေကို ရောက်ရှိနိုင်ပါသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| **ခိုင်းနွား** | ၄၈ | ၁၄၄ | |
| **နို့စားနွား** | ၁ | ၁ | |
| **မြင်း** | | | |
| **ကျွဲ** | ၃ | ၁၀ | |
| မြည်း | | | |
| လား | | | |
| ဆိတ် | | | |
| သိုး | | | |
| ဝက် | ၇၁ | ၁၆၅ | |
| ကြက် | ၁၁၈ | ၉၆၃ | |
| ဘဲ | ၆၁ | ၆၄၆ | |
| နွားနောက် | | | |
| အခြား | | | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| ပုဇွန်ကန် | | | |
| ဂဏာန်းမွေးမြူရေးလုပ်ငန်း | | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | | |
| အခြား | ၃ | | ကျားပိုက်ထောင်ခြင်း |

**ရင်းမြစ်... (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် ခိုင်းနွားပိုင်ဆိုင်သည့် အိမ်ထောင်စု (၄၈) အိမ် ကောင်ရေ (၁၄၄)ကောင်ခန့်သာ ရှိပါသည်။ နို့စားနွားမွေးမြူသူ (၁) အိမ် ကောင်ရေ (၁) ကောင်၊ ကျွဲပိုင်ဆိုင်သည့် အိမ်ထောင်စု (၃)အိမ် ကောင်ရေ (၁၀)ကောင်ခန့် ရှိပါသည်။ ဝက်၊ ကြက်၊ ဘဲ များကိုတော့ အိမ်တိုင်းလိုလို တနိုင်တပိုင် မွေးမြူကြသည်ကို တွေ့ရပါသည်။ ငါးဖမ်းခြင်းလုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စု (၇)အိမ်ခန့်သာ ရှိပြီး ကျားပိုက် ကြီး/သေး များသာဖြစ်ပါသည်။**

(၂.၂.၂.၂) **မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၂၀) **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| **စားကျက်မြေ** | **မွေးမြူရေးအတွက် စားကျက်မြေ သီးသန့်မရှိပါ။** |
| **ရေရရှိမှု** | **မြစ်ချောင်းကန်များမှ ရေကို သုံးစွဲမွေးမြူနိုင်ပါသည်။** |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | **တိရစ္ဆာန်မျိုးများ လက်လှမ်းမီပါသည်။** |
| ချေးငွေ | **ပက်၊ သမ (မြစိမ်းရောင်) အဖွဲ့များမှ ငွေချေးပေးပါသည်။** |
| သွင်းအားစုဈေးကွက် | |
| ဝန်ဆောင်မှုဈေးကွက် | |
| ထုတ်ကုန်ရောင်းဝယ်မှု | |
| **အိမ်ခြံဝင်းအတွင်းမြေနေရာ လုံလောက်မှု** | လုံလောက်ပါသည်။ |
| **အခြား** | |
| **ငါးလုပ်ငန်း** | |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု** | |
| **ချေးငွေ** | |
| **သွင်းအားစု လက်လှမ်းမီမှု** | |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | |
| ထုတ်ကုန်ရောင်းဝယ်မှု | |
| **အခြား** | |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် မွေးမြူရေးအတွက် စားကျက်မြေ သီးသန့် မရှိပါ။ တနိုင်တပိုင်မွေးမြူခြင်းများအတွက် ပက်၊ သမ၊ မြစိမ်းရောင် စသည့် အဖွဲ့တို့မှ ချေးငွေ ထုတ်ချေးပေးပါသည်။**

### (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေလက်လှမ်းမီမှု | အတိုးနှုန်းသက်သာစွာဖြင့် လုံလောက်စွာမရရှိပါ။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ဝက်၊ ကြက်၊ ဘဲများ ကာကွယ်ဆေး ထိုးနှံခြင်းမရှိပါ။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာသင်တန်းများမရှိပါ။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | လိုင်စင်၊ လေလံ လက်လှမ်းမီမှုမရှိပါ။ |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် လက်လှမ်းမီမှု | |
| ချေးငွေ လက်လှမ်းမီမှု | |
| အခြား | |

**ရင်းမြစ်... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကုဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် မွေးမြူရေးအတွက် ချေးငွေကို အတိုးနှုန်း သက်သာစွာဖြင့် လုံလောက်စွာမရရှိခြင်း၊ နေရာလွတ် သီးသန့် မရှိခြင်း၊ လိုင်စင်၊ လေလံ လက်လှမ်းမီမှု မရှိခြင်းတို့ကြောင့် စီးပွားဖြစ် မွေးမြူခြင်းများအတွက် အခက်အခဲရှိပါသည်။ မွေးမြူရေးသင်တန်း များလည်း မရှိပါ။**

**(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ**

**(၂.၂.၃.၁)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ**

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၁ | ၁၀ | ၂ | မြင့် |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား ၊ပန်းရံ လုပ်ငန်း | ၃ | - | ၅ | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၁ | ၁ | ၂ | မြင့် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၁ | - | ၁ | လတ် |
| ၇ | လက်လီ- | ၄ | - | ၂၄ | လတ် |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမားအရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | လက်ကားရောင်းဝယ်ရေး | | | | |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင်လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | ၃ | - | ၇၀ | မြင့် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | ၁ | - | ၁၀ | မြင့် |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် **ဘေးကင်းလုံခြုံရေး**) | ၂ | - | ၄ | |
| ၁၃ | ပညာရေး | ၁ | - | ၆ | |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies. etc.,) | ၃ | - | ၁၅ | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | ၂၀ | ၁၁ | ၁၄၀ | |

**ရင်းမြစ်…(၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လက်လုပ်လက်စားနှင့် စိုက်မွေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအနေဖြင့် ဆန်စက်လုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်း၊ ဈေးဆိုင်လုပ်ငန်း၊ ခေါင်းရွက်ဗျက်ထိုးဈေးသည် အနည်းငယ်၊ ဝပ်ရှော့လုပ်ငန်း (၁)ခု ပို့ဆောင်ရေးအတွက် ရေကြောင်းပို့ဆောင်ရေးနှင့် ဆိုင်ကယ်အငှားလိုက်ခြင်း စသည့်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ချေးငွေလုပ်ငန်းမှာ ပုဂ္ဂလိက အသေးစား ချေးငွေလုပ်ငန်းသာရှိပါသည်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများမှာ အုပ်ချုပ်ရေးမှူး တစ်ယောက်၊ စစ်ဗိုလ် စစ်သား နှစ်ဦး၊ စစ်သမီး တစ်ဦး ရှိပါသည်။ ပညာရေးအတွက် ဆရာမ (၆) ယောက် ကျန်းမာရေးအတွက် ဆရာမ တစ်ယောက်သာ ရှိပြီး ကုမ္ပဏီများတွင် လုပ်ကိုင် သူ (၁၅)ဦးခန့် ရှိပါသည်။**

**(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ**

ဇယား (၂၃–က) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ပွဲခေါင်လုပ်ငန်း | **မြစ်ချောင်းများပေါများခြင်း** |
| အသေးစားစက်မှုလုပ်ငန်း | **စက်ပစ္စည်းသုံးစွဲမှုများသဖြင့် အလုပ်အကိုင်ကောင်းခြင်း** |
| ဈေးဆိုင်လုပ်ငန်း | **အိမ်တွင် တစ်နိုင်တစ်ပိုင် ဈေးဆိုင်ဖွင့်လှစ်ရောင်းချခြင်း** |
| အထည်ချုပ်လုပ်ငန်း | **မြို့ကြီးများတွင် သွားရောက်လုပ်ကိုင်ခြင်း** |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ဆိုင်ကယ်တက်ဆီ | **ကုန်းလမ်းဆက်သွယ်မှုရှိခြင်း** |
| ဆန်စက်လုပ်ငန်း | **မြစ်ဝကျွန်းပေါ်ဒေသဖြစ်ခြင်းကြောင့် ဆန်စပါးပေါ်များခြင်း** |
| | |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လက်လုပ်လက်စားနှင့် စိုက်မွေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ မြစ်ချောင်းများပေါများသဖြင့် ပဲဒေါင်စက်လှေများ သွားလာရ လွယ်ကူခြင်း၊ စက်မှုလယ်ယာခေတ်ဖြစ်သဖြင့် စက်ပစ္စည်းသုံးစွဲမှုများ များသဖြင့် အသေးစား စက်မှုလုပ်ငန်းများအား ကောင်းစွာလုပ်ကိုင်ကြပါသည်။ အိမ်တွင်း တစ်နိုင်တစ်ပိုင် ဈေးဆိုင်လေးများ ရောင်းဝယ်ကြပါသည်။ ကုန်းလမ်းမှ ရာသီဥတုကောင်းချိန်တွင် ဆိုင်ကယ် တက်ဆီများဖြင့် သွားလာနိုင်ကြသည်။ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် ဆန်စပါးလုပ်ငန်းကို တွင်ကျယ်စွာ လုပ်ကိုင်ကြပါသည်။**

ဇယား (၂၃-ခ) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့်အခက်အခဲ**များ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လမ်းကြောင်းအခက်အခဲ | **လုံခြုံမှုအားနည်းခြင်း၊ အခွန်အကောက်များခြင်း** |
| ကျွမ်းကျင်မှုနှင့်ရင်းနှီးမြှပ်နှံမှု | **နိုင်ငံတော်မှ လိုအပ်သော သင်တန်းနှင့် အရင်းအနှီးလိုခြင်း** |
| လုပ်ခလစာနည်းပါးခြင်း | **အိမ်ငှားနေရသည့်အတွက် အကုန်အကျများခြင်း** |
| လမ်းတံတားများလိုလပ်ခြင်း | **အဆင့်မှီလမ်းမဟုတ်သည့်အတွက် ကျန့်ကြာခြင်း** |
| ချိတ်ဆက်မှုအားနည်းခြင်း | **ဈေးကွက်အတက်အကျရှိသည့်အတွက် ချိတ်ဆက်မှု လိုအပ်ခြင်း** |
| အလုပ်အကိုင်အခွင့်အလမ်း | **ရပ်ရွာတွင် အလုပ်အကိုင် နည်းပါးခြင်း** |
| | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လက်လုပ်လက်စားနှင့် စိုက်မွေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ဆိပ်ကမ်းခွန်၊ လူခွန် (ဘောကျော်ခ) အသက်အာမခံအခွန်ဆိုသည်များကြောင့် ပြည်သူများနှင့် ပို့ဆောင်ရေးလုပ်ငန်းရှင်များ အခက်တွေ့ရခြင်း၊ အသေးစားစက်မှုလုပ်ငန်းများတွင် အတတ်ပညာနှင့် အရင်းအနှီးများလိုအပ်ခြင်း၊ တစ်နိုင်တစ်ပိုင် ဈေးဆိုင်များတွင်လည်း လုပ်ငန်းလည်ပတ်နိုင်ရန် ချေးငွေအရင်းအနှီးလိုအပ်လျှက်ရှိပါသည်။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးတွင် လမ်းတံတားများ လိုအပ်ချက်ကြောင့် ပွင့်လင်းရာသီလောက်တွင်သာ သွားလာရလွယ်ကူပါသည်။ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် ဆန်စပါးကို တွင်ကျယ်စွာ လုပ်ကိုင်ကြသော်လည်း**

ဆန်စပါး ဈေးအတက်အကျတွင် အချိန်မီအောင် ချိတ်ဆက်ဆောင်ရွက်နိုင်မှုအားနည်းပါသည်။ ပန်းရံ၊ လက်သမား အနည်းငယ်ရှိသော်လည်း အလုပ်ရှားပါသည်။

**(၂.၃) ရွှေ့ပြောင်းလုပ်သားများ**

**(၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

**ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | **ရွှေ့ပြောင်းလုပ်သား**တစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု | ၃၈ | | | | | | | | | |
| ၂ | **ရွှေ့ပြောင်း**လုပ်ကိုင်သောကျေးရွာရှိလူဦးရေ | - | ၂၉ | ၂၃ | ၅၂ | ၂၁ | ၁၉ | ၄၀ | ၈ | ၄ | ၁၂ |
| ၃ | **ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ** | | | | | | | | | | |
| | ၃ လ အထိ | - | ၄ | ၆ | ၁၀ | ၄ | ၆ | ၁၀ | | | |
| | ၆ လ အထိ | - | ၅ | ၂ | ၇ | ၄ | ၂ | ၆ | ၁ | - | ၁ |
| | ၁၂ လ အထိ | - | ၇ | ၃ | ၁၀ | ၆ | ၃ | ၉ | ၁ | - | ၁ |
| | ၁၂ လ အထက် | - | ၁၄ | ၁၂ | ၂၆ | ၇ | ၈ | ၁၅ | ၇ | ၄ | ၁၁ |

ရင်းမြစ်...(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လက်လုပ်လက်စားနှင့် စိုက်မွေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု၊ (၂) ဆယ်အိမ်မှူးများ။

လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် ရွှေ့ပြောင်းလုပ်သား အနည်းဆုံး တစ်ဦးရှိသော အိမ်ထောင်စု (၃၈) စုရှိပြီး ကျား/မ ၅၂ဦးခန့် ရှိပါသည်။ ပြည်တွင်းရွှေ့ပြောင်းလုပ်ကိုင်သူ ကျား/မပေါင်း (၄၀)ဦးနှင့် ပြည်ပရွှေ့ပြောင်းလုပ်ကိုင်သူ ကျား/မ ပေါင်း (၁၂)ဦး ရှိပါသည်။

**(၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း**

ဇယား (၂၅) **ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၄၉ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | ၄ |

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | |

**ရင်းမြစ် … အိမ်ထောင်စု စာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် ပိုမိုကောင်းမွန်သော အ လုပ်အကိုင်အခွင့်အလမ်းများရှာဖွေရန် သွားရောက်လုပ်ကိုင်သူ (၄၉)ဦးခန့်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် (၃)ဦး ရှိပါသည်။ ဒေသတွင်း ပဋိပက္ခများကြောင့် ရွှေ့ပြောင်းလုပ်ကိုင်သူမရှိပါ။**

### (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၃၄ | ၂၀.၃၅% | | | |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | | | - | - | - |
| | - ဘဏ် | ၉ | ၅.၃၈% | - | - | - |
| | - လူကြုံဖြင့်လွှဲပို့ခြင်း | ၂၆ | ၁၅.၅၆% | - | - | - |
| | - ငွေလွှဲလုပ်ငန်း နှင့် ဘဏ် | | | - | - | - |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း | | | - | - | - |

**ရင်းမြစ်…(၁) အိမ်ထောင်စု စာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် ပြန်ပို့ငွေကို မှီခိုနေသော အိမ်ထောင်စုမှာ (၃၄)စု ရှိပြီး ပြန်ပို့ငွေလမ်းကြောင်းမှာ ဘဏ်ကိုသာ အဓိကထား အသုံးပြုကြကြောင်း လေ့လာတွေ့**

**ရှိရပါသည်။**

## (၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

**ဇယား** (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| **ရွာမှအကွာအဝေး(မိုင်)** | | ၄ မိုင်ခန့် |
| **သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ** | | ရေလမ်း-စက်လှေ<br>ကုန်းလမ်း-ဆိုင်ကယ် |
| **ကုန်စည်အမျိုးအစားနှင့်ဝန်ဆောင်မှုပေးနိုင်မှု** | | ဆန်း/စပါး |
| **ဈေးအခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှု** | | |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ လက်လုပ်လက်စားနှင့် စိုက်မွေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာသည် အကြီးစားဈေးကွက်ရှိရာ ပုသိမ်မြို့နှင့် (၄)မိုင်ခန့် ကွာဝေးပြီး သယ်ယူပို့ဆောင်ရေးအတွက် ရေလမ်းကိုသာ အဓိကထား အသုံးပြုပြီး ကုန်စည်အသေးစားများအတွက် ဆိုင်ကယ်ကိုအသုံးပြုကြပါသည်။ ဆန်/စပါးကိုသာ အဓိကထား လုပ်ကိုင်ကြခြင်းကြောင့် တိုက်ရိုက်သော်လည်းကောင်း၊ ကုန်သည်များမှတဆင့်သော်လည်းကောင်း ရောင်းဝယ်လုပ်ကိုင်ကြပါသည်။**

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှု အမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုးနှုန်း (လ) | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ်(စိုက်ပျိုးရေးဘဏ်) | စိုက်ပျိုးစရိတ်ချေးငွေ | ၆လ | | ပုံစံ (၇) | |
| ပုဂ္ဂလိကဘဏ် | | | | | |

| ချေးငွေရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှု အမျိုးအစား | ပြန်လည်ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အခက်အခဲများ |
|---|---|---|---|---|---|
| ပုဂ္ဂလိက အသေးစား ချေးငွေဝန်ဆောင်မှုက | | | | | |
| အဖွဲ့အလိုက် ငွေစု/ငွေချေး အစီအစဉ် | သမဝါယမ | ၆လ | ၁.၅ပြား | ပုံစံ (၇) | |
| ငွေချေးပေးသူ | | | | | |
| အပေါင်ဆိုင် | ရွှေပေါင် | ၆လ | ၃ကျပ် | ရွှေ | |
| မိတ်ဆွေနှင့် ဆွေမျိုးများ | အလွတ်ချေး | ၆လ | ၅ကျပ်မှ ၁၀ကျပ် | အလွတ် | |
| အခြား | | | | | |

**ရင်းမြစ်**… (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ လက်လုပ်လက်စားနှင့် စိုက်မွေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ပေးသော အဖွဲ့များ။

**လေ့လာတွေ့ရှိချက်။** ။ -----------------------------------------------------------------

-----------------------------------------------------------------------------------------

**(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု**

**(၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

**ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ**

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာကြွယ်ဝမှု | မြင့် | ဓါတုဆေးဝါးများ အလွန်အကျွံသုံးစွဲခြင်း |
| အပင်မျိုးစိတ်များ | နိမ့် | ဆေးဘက်ဝင်အပင်များ ပေါများခြင်း |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | လတ် | ရာသီအလိုက် ဖြစ်ပေါ် ပိုးသတ်ဆေး ဝယ်ယူသုံးစွဲခြင်း |
| ရေရင်းမြစ် | လတ် | မြစ်ချောင်း၊ ရေကန်၊ အဝီစိတွင်း |
| ငါးမျိုးကွဲများ | နိမ့် | ရာသီမရွေး ငါးရှာခြင်း |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | | |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် ဓါတုဆေးဝါးများနှင့် ဓါတ်မြေသြဇာများကို အရည်အသွေးမမှီခြင်း၊ စနစ်တကျ မသုံးစွဲတက်ခြင်းတို့ကြောင့် မြေဆီသြဇာပျက်စီးမှု အန္တရာယ်မြင့်တက်လျှက်ရှိပါသည်။ ဆေးဘက်ဝင်အပင်များ ပေါများစွာပေါက်ရောက်သည်။ ရာသီအလိုကက် ဖျက်ပိုးအန္တရာယ်ကျရောက်တက်ပြီး နီးစပ်ရာ ပိုးသတ်ဆေးများကိုသာ သင့်သလို သုံးစွဲရပါသည်။ မြစ်ချောင်းများမှရေကိုသာ အဓိကထား သုံးစွဲရခြင်းကြောင့် မိုးရာသီတွင် ရေကြီးရေလျှံခြင်းနှင့် နွေရာသီတွင် ဆားငံရေ ဝင်ရောက်ခြင်း အန္တရာယ်ရှိပါသည်။ စားသုံးရန်အတွက် ငါးရှာခြင်းကြောင့် ငါးမျိုးတုန်းမှုအန္တရာယ် အသင့်အတင့် ရှိပါသည်။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

**ဇယား** (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာတက်ရောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့် အထက် လူဦးရေ၏% |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၂ | ၆ | ၈ | ၁.၃၈% |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၁၂ | ၂၄ | ၃၆ | ၆.၂၂% |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၆၆ | ၈၉ | ၁၅၅ | ၂၆.၁၈% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၉၀ | ၂၀၁ | ၄၀၁ | ၆၉.၃၇% |

| အတန်းပညာတက်ရောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့် အထက် လူဦးရေ၏% |
|---|---|---|---|---|
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၂ | ၂၁ | ၄၃ | ၇.၄၃% |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၆ | ၈ | ၁၄ | ၂.၄၂% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၄ | ၁၀ | ၁၄ | ၂.၄၂% |
| **၉ နှစ် အထက် လူဦးရေပေါင်း** | **၂၇၀** | **၃၀၇** | **၅၇၈** | |

**ရင်းမြစ်…အိမ်ထောင်စု စာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။** ။ ဆယ်ပင်လေးကျေးရွာတွင် စာမတတ်သူဦးရေ ကျား၂ ဦး မ၆ ဦး ပေါင်း ၈ဦး ၁.၃၈%၊ ဘုန်းကြီးကျောင်းသင်ပညာရေး ကျား ၁၂ ဦး၊ မ ၂၄ဦး ပေါင်း ၃၆ဦး ၆.၂၂%၊ မူလတန်းပညာရေး မပြီးဆုံးသူ ဦးရေ ကျား ၆၆ဦး၊ မ ၈၉ ဦး ပေါင်း ၁၅၅ ဦး ၂၆.၁၈%၊ မူလတန်းပညာရေး ပြီးဆုံးသူဦးရေ ကျား ၁၉၀ ဦး၊ မ ၂၀၁ဦး ပေါင်း ၄၀၁ ဦး ၆၉.၃၇%၊ အလယ်တန်းပညာရေးပြီးဆုံးသူဦးရေ ကျား ၂၂ဦး မ ၂၁ ဦး ပေါင်း ၄၃ ဦး ၇.၄၃%၊ အထက်တန်းပညာရေးပြီးဆုံးသူဦးရေ ကျား ၄ဦး မ၁၀ဦး ပေါင်း ၁၄ဦး ၂.၄၂%၊ တက္ကသိုလ် ပညာရေးပြီးဆုံးသူဦးရေ ကျား ၄ဦး၊ မ ၁၀ဦးပေါင်း ၁၄ဦး ၄.၄၂% တို့ရှိပါသည်။

### (၂.၇.၂) ကျောင်းတက်နှုန်း

**ဇယား** (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏% |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၁၅ | ၃၇ | ၅၂ | ၂၅% |
| အလယ်တန်း(၁၀-၁၄နှစ်) | ၂၈ | ၃၁ | ၅၉ | ၂၈.၃၆% |
| အထက်တန်း(၁၅-၁၆ နှစ်ကြား) | ၃ | ၆ | ၉ | ၄.၃၂% |
| တက္ကသိုလ်ကျောင်းသား၊ သူ | ၃ | ၆ | ၉ | ၆.၃၂% |

**ရင်းမြစ်…** **(၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**လေ့လာတွေ့ရှိချက်။** ။ ဆယ်ပင်လေးကျေးရွာတွင် ၅ နှစ်မှ ၉နှစ် (မူလတန်းအရွယ်) ကျား/မ (၅၂)ဦး၊ ၁၀ နှစ်မှ ၁၄နှစ် အလယ်တန်းအရွယ် ကျား/မ ၅၉ဦး၊ ၁၅နှစ် ၁၆နှစ် အထက်တန်းအရွယ် ကျောင်းသားဦးရေ ကျားမ(၉)ဦး တက္ကသိုလ်ကျောင်းသားကျောင်းသူ (၉)ဦး ရှိပါသည်။

### (၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းကျောင်း | | | | | |
|---|---|---|---|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | ရွာထိပ် | | | | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | မရှိ | | | | | |
| စာသင်ကျောင်းအရွယ်အစား( အလျား၊ အနံ၊အမြင့်) | ၉၀X၃၀X၃၀ | | | | | |
| အမိုး၊နံရံ၊အခင်း အရည်အသွေး | သွပ်၊ အုတ်စီ၊ သံမလင်း | | | | | |
| ကျောင်းသုံးပရိဘောဂ (လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ | ကျောင်းသုံးပရိဘောက လိုအပ်မှုရှိ | | | | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | - | ၅ | ၅ | | | |
| ကျေးရွာခန့် | | | | | | |

**ရင်းမြစ်**… (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊** (၂) **မိဘဆရာအသင်း။**

**လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် မူလတန်းကျောင်း ရှိပြီး** ( ၉၀X၃၀X၃၀) အရွယ် အုတ်စီသွပ်မိုးသံမလင်းအခင်းကျောင်းဖြစ်ပြီး ယင်လုံအိမ်သာ ၄ခန်းတွဲ အုတ်စီသွပ်မိုး ၁လုံး ယင်လုံအိမ်သာ အုတ်စီ သွပ်မိုး ဆရာ/ဆရာမသုံး (၁)လုံး ရှိပါသည်။ ကျောင်းအဟာရ တိုက်ကြွေးမှုကို ကျောင်းသားမိဘများမှ စီစဉ်ဆောင်ရွက်ပြီး ကြာဇံကြော်၊ ရေခဲမုန့်၊ ရွှေရင်အေး၊ ခေါက်ဆွဲကြော် မုန့်ဟင်းခါး ထမင်း အလျင်းသင့်သလို စီမံကြွေးကြပါသည်။

### (၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | ဆရာမ ၅ဦး လုံလောက်မှုရှိ |
| တပည့် – ဆရာ အချိုး | ၅၇/၅ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ |
| မသန်စွမ်းသူများအတွက် ပညာရေး | မရှိ |

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| အထူးအစီအစဉ် | |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | နိုင်ငံတော်မှပံ့ပိုး |
| **ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု** | အသင့်အတင့်ရှိ |
| **ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု** | ကျောင်းအားကစားဆိုင်ရာ ပစ္စည်းလက်လှမ်းမမီ |
| **မိဘဆရာအသင်း၏အခန်းကဏ္ဍ** | ညှိနှိုင်းဆောင်ရွက်ခြင်း |

**ရင်းမြစ်... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာကျောင်းတွင် ကျောင်းဆရာမဦးရေ (၅)ဦးရှိပြီး လုံလောက်မှုရှိပါသည်။ တပည့်ဆရာအချိုးမှာ ညီမျှမှုရှိပါသည်။ နိုင်ငံတော်မှ ဗလာစာအုပ်၊ ခဲတံများ ပံ့ပိုးပေးပါသည်။ ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများမှာ ကေဂျီတန်းမှ လွဲ၍ မရှိပါ။ ကျောင်းကိစ္စ အရပ်ရပ်ကို မိဘဆရာအသင်းနှင့် ကျောင်းကော်မတီအဖွဲ့များမှ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြပါသည်။**

### (၂.၈) ကျန်းမာရေးနှင့်အာဟာရ

#### (၂.၈.၁)အဖြစ်များသောရောဂါများ

ဇယား (၃၄) **အဖြစ်များသော** ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | | *မှတ်ချက် / သုံးသပ်ချက်* |
|---|---|---|---|---|---|
| | | *မြင့်* | *နိမ့်* | *မရှိ* | |
| *၁* | ဝမ်းပျက်ဝမ်းလျှော | | ***နိမ့်*** | | ***သောက်သုံးရေကောင်းခြင်း*** |
| *၂* | သွေးလွန်တုပ်ကွေး | | ***နိမ့်*** | | ***ခြင်ဆေးမရှိခြင်း*** |
| *၃* | ငှက်ဖျား | | ***နိမ့်*** | | |
| *၄* | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | | | ***မရှိ*** | |
| *၅* | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | ***နိမ့်*** | | ***အပျော်အပါးနည်းခြင်း*** |
| *၆* | တီဘီ | | ***နိမ့်*** | | |
| *၇* | ဆီးချို | | ***နိမ့်*** | | |
| *၈* | သွေးတိုး | | ***နိမ့်*** | | |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၉ | အသည်းရောဂါ (အေ၊ ဘီ၊ စီ စသည်) | | နိမ့် | | |
| ၁၀ | အခြား ကူးစက်နိုင်သော ရောဂါများ | | နိမ့် | | |

ရင်းမြစ်… (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန / ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ *ဆယ်ပင်လေးကျေးရွာတွင် ဝမ်းပျက်ဝမ်းလျော ဖြစ်နိုင်မှုမှာ ရာသီကူးပြောင်းကာလတွင် အနည်းငယ်ရှိပါသည်။ မိုးရာသီတွင် ကလေးများ သွေးလွန်တုပ်ကွေး ဖြစ်နိုင်မှု အနည်းငယ်၊ တီဘီ၊ ဆီးချို၊ သွေးတိုး၊ ဖြစ်နိုင်မှု အနည်းငယ်ရှိပြီး ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲရှိသောကြောင့် ကြိုတင်ကာကွယ်မှု ကုသမှုတို့ကို ဆောင်ရွက်နိုင်ပါသည်။*

**(၂.၈.၂) လွန်ခဲ့သော (၁၂) လ အတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၃၅) လွန်ခဲ့သော (၁၂) လ အတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | မရှိ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသား၀ါ | ရှိ | | |
| ၃ | ပိုလီယိုရောဂါ | ရှိ | | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလ အတွင်း) | ရှိ | | |
| ၅ | ဝက်သက်ရောဂါ | ရှိ | | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ရှိ | | |

ရင်းမြစ်… (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန / ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ *ဆယ်ပင်လေးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဆရာမ*

***တစ်ဦး အကူဆရာမ တစ်ဦးရှိသောကြောင့် ကာကွယ်ဆေးတိုက်ကျွေးထိုးနှံခြင်းများကို ကျေးရွာခေါင်းဆောင်များနှင့် ညှိနှိုင်းကူညီဆောင်ရွက်ကြပါသည်။***

### (၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်း များ(လုံလောက်မှု/ မလုံလောက်မှု) | မှတ် ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | ရွာတွင်း | မရှိ | ကျန်းမာရေးမှူး- သားဖွားဆရာမ - အရံသားဖွားဆရာမ- ကြီးကြပ် (၁) - ကြီးကြပ် (၂) - တိုင်းရင်းဆေးကု- အရပ်လက်သည်- | အသင့်အတင့်ရှိ | |
| တိုက်နယ် ဆေးရုံ | ၂ မိုင်ခန့် | မရှိ | ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်- | မရှိ | |
| မြို့နယ် ဆေးရုံ | ၄မိုင်ခန့် | မရှိ | ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်- | ဆေးဝါးလုံလောက်မှု ရှိပါသည်။ | |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်း များ(လုံလောက်မှု/ မလုံလောက်မှု) | မှတ် ချက် |
|---|---|---|---|---|---|
| ဆေးဆိုင် | | | ဆေးဝါးကျွမ်း ကျင်သူ | လက်လှမ်းမှီမှု-- ဆေးဝါး-- သိုလှောင်ပုံစနစ်-- အအေးခန်းစနစ်-- | |

**ရင်းမြစ်**... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု၊** (၂) **ကျေးလက်ကျန်းမာ ရေးဌာန / ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ ***ဆယ်ပင်လေးကျေးရွာသည် ပုသိမ်ဆေးရုံကြီးနှင့် ၄မိုင်ခန့်၊ ကြက်ပေါင်တိုက်နယ်ဆေးခန်းနှင့် ၂မိုင်ခန့် အကွာရှိပြီး ရွာတွင်း၌လည်း ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပါသည်။ ပုသိမ်မြို့နယ်ဆေးရုံနှင့်*** (၄)***မိုင်ခန့်အကွာတွင်ရှိပြီး ကုန်းလမ်းသွားလာရ မလွယ်ကူသောကြောင့် ရေလမ်းကြောင်းကိုသာ အသုံးပြုရပါသည်။***

**(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(၂.၉.၁) သောက်သုံးရေရရှိမှု**

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | | | | | | |
| အဝီစိတွင်း (စက်တပ်) | ၃ | သင့် | ✓ | ✓ | ✓ | |
| အဝီစိတွင်း/တုံကင် | | | | | | |
| ကန် | ၁၀ | သင့် | ✓ | ✓ | ✓ | |
| မြစ်/ချောင်း | ၄ | သင့် | ✓ | ✓ | ✓ | |
| မိုးရေသိုလှောင်ကန် | | | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | | | | | | |
| အခြား | | | | | | |

**ရင်းမြစ်… (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာရင်းမြစ်ပြ မြေပုံ။**

**လေ့လာတွေ့ရှိချက်။** ။ ဆယ်ပင်လေးကျေးရွာတွင် ကိုယ်ပိုင်စက်တပ်အဝီစိတွင်း (၃)ခု ရှိပြီး သုံးရေသာ ရရှိပါသည်။ သောက်ရေကို ကိုယ်ပိုင်မိုးရေလှောင်ကန်၊ ရွာဘုံ မိုးရေလှောင်ကန်များကိုသာ အဓိကထားအသုံးပြုပြီး နွေရာသီတွင် မိုးရေလှောင်ကန် နည်းပါးမှုကြောင့် သောက်ရေ လုံလောက်မှုမရှိပါ။

### (၂.၉.၂)သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) **အိမ်သာအမျိုးအစား**

| **သုံးစွဲနိုင်သောအိမ်သာအမျိုးအစား** | **သုံးစွဲနိုင်သော အိမ်ထောင်စု** | **ရှင်းလင်းချက်** |
|---|---|---|
| ယင်လုံအိမ်သာ | ၁၆၃ | |
| ကျင်းအိမ်သာ | | |
| မြေပေါ် အိမ်သာ | ၄ | |
| တောထိုင် | ၂ | |
| **စုစုပေါင်း** | | |

**ရင်းမြစ်… (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန / ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ ဆယ်ပင်လေးကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲသူ အိမ်ထောင်စု (၁၆၃)စု၊ မြေပေါ်အိမ်သာ သုံးစွဲသူ အိမ်ထောင်စု (၄) စု ၊ တောထိုင် (၂)အိမ် တို့ရှိသည်ကို တွေ့ရပါသည်။

### (၂.၁၀) ကျား၊ မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား၊ မ ကိစ္စရပ်ဆိုင်ရာ

| **#** | ***ကျား၊မ ရေးရာ*** | ***ရှိ*** | ***မရှိ*** | ***မှတ်ချက် / သုံးသပ်ချက်*** |
|---|---|---|---|---|
| ***၁*** | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးတက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | | ✓ | |
| ***၂*** | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ✓ | | ***အမျိုးသမီးရေးရာ/မိခင်နှင့်ကလေး စောင့်ရှောက်ရေး/ကြက်ခြေနီ*** |

| # | *ကျား၊မ ရေးရာ* | *ရှိ* | *မရှိ* | *မှတ်ချက် / သုံးသပ်ချက်* |
|---|---|---|---|---|
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းမပျို/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | | ✓ | *မငြိမ်းချမ်းသော နေရာဒေသများ* |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | | ✓ | *ဥပဒေအကြောင်း သိမြင်မှုနည်းပါးခြင်း* |
| ၅ | အခြား (ရှိလျှင်) | | ✓ | |

**ရင်းမြစ်… (၁) အဖွဲ့အစည်းများ စာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် ကျေးရွာစီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှု မရှိပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်တော့ အမျိုးသား အမျိုးသမီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။**

**(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ**

**(၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု**

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃) | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | |
| ရွာတွင်းလမ်း | ၃ | ကောင်း | ၂၀၁၁ | | ✓ | ၈၁၁၀ ပေ |
| ရွာချင်းဆက်လမ်း | ၃ | | ၂၀၁၁ | | ✓ | ၅၉၀၀ ပေ |
| အခြား | ၂ | | ၂၀၁၂ | ✓ | | ၇၀၀၀ ပေ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။ မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း – ၃**

**လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် ရွာတွင်းလမ်း အရှည် (၈၁၁၀) ပေ ကို ရွာသူရွာသားများ စုပေါင်းငွေဖြင့် ကွန်ကရစ်လမ်းကို ၂၀၁၁ ခုနှစ်မှစတင်၍ ခင်းထားပြီး တစ်နှစ်**

**ပတ်လုံး သုံးစွဲနိုင်ပါသည်။ ရွာချင်းဆက်လမ်းမှာ (၁၂၉၀၀) ပေခန့်ရှိပြီး (၅၉၀၀)ပေကို ရွာသူရွာသားများ စုပေါင်းငွေအပြင် အစိုးရ၏ ပံ့ပိုးမှုများနှင့် ကွန်ကရစ်လမ်းခင်းထားပြီး ကျန်ရှိသော (၇၀၀၀) ပေခန့်မှာ ကျောက်ခင်းလမ်းအဆင့်သာရှိနေပြီး မိုးရာသီတွင် သွားလာရခက်ခဲသောကြောင့် ကွန်ကရစ်လမ်းအဆင့် ဆက်လက်လုပ်ဆောင်နိုင်ရန် ပံ့ပိုးမှု လိုအပ်ပါသည်။**

**(၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု**

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| **တံတား အမျိုးအစား** | **အရွယ် အစား** | **ကောင်း/ ဆိုး** | **တည်ဆောက် ခဲ့သောနှစ်** | **အသုံးပြုနိုင်သည့်ရာသီ** | |
|---|---|---|---|---|---|
| | | | | **မွှင့်လင်းရာသီ** | **တစ်နှစ်ပတ်လုံး** |
| ဆိပ်ခံတံတား | ၃၀x၅ | ဆိုး | ၂၀၀၀ | | ✓ |
| ကွန်ကရစ်တံတား | ၅၀x၅ | ကောင်း | ၁၉၉၀ | | ✓ |
| ကြိုးတံတား | | | | | |
| ရေပြွန် | | | | | |
| အခြား | | | | | |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ဆယ်ပင်လေးကျေးရွာတွင် ဆိပ်ခံတံတားနှစ်စင်းရှိပြီး အရှည် (၃၀) ပေ အကျယ် (၅)ပေခန့် ရှိပြီး သစ်သားတံတားအမျိုးအစားဖြစ်ပါသည်။ မြစ်ရေတိုက်စားမှုကြောင့် မကြာခဏ ချို့ယွင်းတတ်သည်။ ရွာတွင်းချောင်းကူးတံတားမှာ အရှည်(၅၀)ပေ အကျယ် (၅) ပေခန့် ရှိပြီး ကွန်ကရစ်တံတား ၊ သစ်သားသံထည်ပေါင်းစပ်တည်ဆောက်ထားပါသည်။**

**(၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး**

ဇယား (၄၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

| **သယ်ယူပို့ဆောင်ရေး** | **အကွာအဝေး (မိုင်)** | **ယာဉ် အမျိုး အစား** | **ရာသီအလိုက် သုံးစွဲနိုင်မှု** | |
|---|---|---|---|---|
| | | | **မွှင့်လင်းရာသီ** | **တစ်နှစ်ပတ်လုံး** |
| မြစ်ကြောင်း | ၄ မိုင်ခန့် | ၂ | | ✓ |
| ပင်လယ်ရေကြောင်း | | | | |
| အခြား | | | | |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

မှတ်ချက်။ ၁ – လှေ၊သမ္ဗာန် ၂ – မော်တော် ၃ – သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ ဆယ်ပင်လေးရွာသည် ပုသိမ်မြို့နှင့် ၄မိုင်ခန့်အကွာတွင် တည်ရှိပြီး မြစ်ကြောင်းမှ စက်လှေ မော်တော်ယာဉ်များဖြင့် အဒိက သွားလာရပါသည်။

**(၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့်ဝန်ဆောင်မှုများ**

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၂၂ | ၁၉ | ၁၀၄ | ၃၄ | ၄ | - | - | ၆ |

**ရင်းမြစ်...အိမ်ထောင်စု စာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။** ။ ဆယ်ပင်လေးကျေးရွာတွင် စက်လှေ ၂၂ စီး ရှိပြီး ဆန်စပါး သယ်ယူ မှု ကုန်ပစ္စည်း သယ်ဆောင်မှုများတွင် သုံးစွဲပါသည်။ လှေသမ္ဗာန် ၁၉ စီး၊ စက်ဘီး ၁၀၄ စီး၊ ဆိုင်ကယ် ၃၄စီး၊ ထော်လာဂျီ ၄ စီး၊ နွားလှည်း ၆ စီရှိပါသည်။

**(၂.၁၂) လျှပ်စစ်မီးရရှိမှု**

ဇယား (၄၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ်(ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| **မဟာဓာတ်အားလိုင်း** | | | |
| ဆိုလာစနစ် | ၅၇ | သင့် | ရှိ |
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | ၇ | ကောင်း | မရှိ |
| လေစွမ်းအင် | | | |
| ဇီဝလောင်စာ | ၂ | သင့် | ရှိ |
| အခြား | ၇၆ | ညံ့ | ရှိ |

**ရင်းမြစ်... (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ဆယ်ပင်လေးကျေးရွာတွင် ဆိုလာစနစ်မှ မီးကို အဓိကထား သုံးစွဲပြီး မသုံးစွဲနိုင်သူများမှာ ဘတ်ထရီမီးကိုသာ အားထားသုံးစွဲရပါသည်။ ဒီဇယ်အင်ဂျင်သုံးစွဲသူ အနည်းငယ် ရှိသည်။ ကြက်ပေါင်သို့ ဆက်သွယ်ထားသော မဟာဓါတ်အားလိုင်းနှင့် ၁မိုင်ခွဲခန့် အကွာတွင်ရှိပြီး လျှပ်စစ်မီး ရရှိရန် ကြိုးစားဆောင်ရွက်နေပါသည်။

**(၂.၁၃)    ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ**

ဇယား (၄၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အခြား |
|---|---|---|---|---|---|
| အရေအတွက် | ၂၀၈ | ၆၁ | ၈၅ | ၃ | |

**ရင်းမြစ်… (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။      ။ ဆယ်ပင်လေးရွာတွင် ဖုန်း (၂၀၈)လုံး၊ ရေဒီယို (၆၁)လုံး ၊ တီဗွီ (၈၅)လုံး ၊ စလောင်း (၃)လုံး ရှိသောကြောင့် ဆက်သွယ်မှုအားကောင်းပါသည်။**

**(၂.၁၄)    ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး**

**ဇယား (၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | ချောင်းသာ/ငွေဆောင်-စုပေါင်းသွားလာခြင်း |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | လူငယ် |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ရပ်မိရပ်ဖ၊ လူငယ်၊ အမျိုးသမီး/အမျိုးသား |
| အားကစားပစ္စည်းများအားလက်လှမ်းမီမှု | မရှိ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | စုပေါင်းလုပ်ကိုင်ခြင်း |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | စုပေါင်းလုပ်ကိုင်ခြင်း |
| စာကြည့်တိုက်၊အင်တာနက်စသည်များအား လက်လှမ်းမီမှု | စာကြည့်တိုက်မြေနေရာရှိ၊ ကြိုးစားဆောင်ရွက် အင်တာနက်အတွက် ဖုန်းကိုအသုံးပြုခြင်း |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။      ။ ဆယ်ပင်လေးကျေးရွာသူကျေးရွာသားများသည် အပန်းဖြေနိုင်သည့် ငွေဆောင်၊ ချောင်းသာကမ်းခြေများသို့ ကားစုပေါင်းငှားရမ်းသွားလာခြင်း၊ ဆိုင်ကယ်ဖြင့် သွားလာခြင်းကိုသာ အသုံးပြုကြောင်းတွေ့ရပါသည်။ ဘာသာရေးလုပ်ငန်းများတွင် ရပ်မိရပ်ဖ၊ လူငယ်၊ အမျိုး သမီး၊ အမျိုးသားများ စုပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။ အားကစားအတွက် ဘောလုံးကွင်း ဆောက်နိုင်ရန် ရည်ရွယ်သော်လည်း မြေနိမ့်ပိုင်းဖြစ်သဖြင့် အခက်အခဲရှိပါသည်။ ကျေးရွာစာကြည့် တိုက် ဆောက်ရန် လျာထားမြေနေရာရှိပြီး ပွင့်လင်းရာသီတွင် အောက်ခံခြေချရန် လုပ်ဆောင်နေပါ သည်။ နိုင်ငံတော်ပံ့ပိုးမှု ရလျှင် အမြန်အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။**

**(၂.၁၅)        ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်း လုံခြုံရေး အခြေအနေ**

(၂.၁၅.၁)      လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအားလက်လှမ်းမီမှု

**ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု | မရှိ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | မရှိ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ် | စုပေါင်းကာကွယ်ရှင်းလင်းခြင်း |
| ရဲစခန်းများအား လက်လှမ်းမီမှု | အပိုင်ရဲစခန်းနှင့် ၄မိုင်ခန့်ဝေးကွာခြင်း |
| အခြား | |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ။**

**လေ့လာတွေ့ရှိချက်။      ။ ------------------------------------------------------------**

**------------------------------------------------------------------------------------**

(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

**ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ**

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| စိုးရိမ်/**သာမန်** | ၂ | ၂ | ၂ | ၂ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ၊ အမျိုးသမီး အုပ်စု။**

မှတ်ချက် – စိုးရိမ် = ၁၊ သာမာန် – ၂

**လေ့လာတွေ့ရှိချက်။      ။ ဆယ်ပင်လေးကျေးရွာတွင် ခိုးမှုမှာ သာမန်မျှသာရှိပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှု သည် လည်း အရက်တစ်ခုသာရှိသောကြောင့် သာမန်မျှသာ ရှိပါသည်။**